# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၃၄၂)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




# အမျိုးသားညီလာခံကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်စတင်ကျင်းပမည်

## ညီလာခံသို့တက်ရောက်လျက်ရှိသည့် ကိုယ်စားလှယ်အစုအဖွဲ့ (၈) ဖွဲ့မှ ကွယ်လွန်သူ၊ နာမကျန်းသူ၊ အသက်အရွယ်ကြီးရင့်သူ၊ အငြိမ်းစားယူသွားသော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များမှအပ ကျန်ကိုယ်စားလှယ်အားလုံးဖိတ်ကြားမည် ဖိတ်စာများကို တစ်လကြိုတင်၍ စက်တင်ဘာ ၁၀ ရက်မှစ၍ပေးပို့မည် ကိုယ်စားလှယ်အားလုံး အောက်တိုဘာ ၇ ရက် နောက်ဆုံးထား ရောက်ရှိသတင်းပို့ ကြိုဆိုနေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ ကျန်းမာရေး လိုလေသေးမရှိစီမံ

**နေပြည်တော် စက်တင်ဘာ ၉**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၆)ကို ယနေ့မွန်းလွဲ၂နာရီက နေပြည်တော်ရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၈ ကော်လံ ၁* ❐

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

10-9 (01) 1 9/10/06, 1:24 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

# ရေအကျိုး ၁၀ပါး မတောင်းဘဲ ရရှိနိုင်ကြပြီ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားများကို ကျင်းပခဲ့ရာ ဒွါဒသမအကြိမ် တိုင်ခဲ့ပြီဖြစ်သည်။

စေတနာရှင်ပြည်သူ ၁၆၄၉ဦး၏ လှူဒါန်းငွေများမှာ ပထမအကြိမ်မှ ဒွါဒသမအကြိမ်အထိ ငွေကျပ် ၁၃၀၆၁ ဒသမ ၀၇ သိန်း၊ အမေရိကန်ဒေါ်လာ ၇၆၇၅၂ဒေါ်လာ၊ ယူရို ၇၇၀ နှင့် ၁၀၀၁၂ အက်ဖ်အီးစီဖြစ်သည်။ ယင်းကဲ့သို့ လှူဒါန်းငွေများဖြင့် အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် စက်ရေတွင်းပေါင်း ၁၆၅၅ တွင်းနှင့် အခြား ပြည်နယ်နှင့် တိုင်းများ၌ စက်ရေတွင်းပေါင်း ၄၆၁ တွင်း စုစုပေါင်း တွင်းပေါင်း၂၁၁၆ တွင်း တူးဖော်ပေးခဲ့ပြီး ဖြစ်သည်။

ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် စီမံကိန်းကာလ စတင်သော ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ဇူလိုင်လကုန်အထိ ကျေးရွာပေါင်း ၇၇၇၆ရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ဆောင်နိုင်ခဲ့သဖြင့် ၉၇ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ကျန်ပြည်နယ်နှင့် တိုင်းများရှိ ၁၅၁၈၃ ရွာအနက် ပြီးခဲ့သော ဇူလိုင်လကုန်အထိ ကျေးရွာပေါင်း ၈၄၉၀ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ကြဉ်းပေးနိုင်ခဲ့သဖြင့် ၅၆ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။

ထို့ကြောင့် ပြည်နယ်၊ တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၆၂၆၆ ရွာ၌ ဖော်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ကျေးလက်ရေရရှိရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်ကုန်အထိ စစ်ကိုင်းတိုင်း၌ ခုနစ်မြို့နယ်၊ မကွေးတိုင်း၌ ၁၂ မြို့နယ်၊ မန္တလေးတိုင်း၌ ၁၁ မြို့နယ် စုစုပေါင်း မြို့နယ်၃၀ တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံးသန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့ပြီး ပခုက္ကူတစ်ခရိုင်လုံးကိုလည်း ခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေး အကောင်အထည် ဖော်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ယခုကဲ့သို့ အလှူရှင်များ၏ စေတနာကြောင့် ကျေးရွာလူထု အများစုမှာ နေ့စဉ်နှင့်အမျှ ရေရရှိပြီး လူမှုဒုက္ခများမှ ကင်းဝေးသွားပြီဖြစ်ရာ အလှူရှင်များအနေဖြင့်လည်း ရေအကျိုး ၁၀ ပါးကို မတောင်းဘဲ ရရှိနိုင်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



## မြဝတီရုပ်မြင်သံကြား

**၁၀–၉–၂၀၀၆**
**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ချစ်ခြင်းများနှင့်ကခုန်ခြင်း"**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၆။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၈။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ လျှပ်တစ်ပြက်
၆:၄၅ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း–၁၅)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ West Ham United Vs Aston Villa (LIVE)



**မမေသန္တာလင်းအား ရည်စူး၍ အမှတ် ၁၀ (ခုနစ်လွှာ) သမိန်ဗရမ်းလမ်း တာမွေ မြို့နယ်နေ ဦးမောင်မောင်လင်း – ဒေါ်သက်သက်နိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ် ငါးသိန်းတစ် သောင်း ငါးထောင် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။** (က–ပ)

# သုံးခွမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယမန်နေ့ နံနက်၉နာရီခွဲက ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့ ရှစ်မျက်နှာစေတီတော်ရင်ပြင်ရှိ မဟာဓမ္မရက္ခိတ တန်ဆောင်း၌ကျင်းပသည့် သုံးခွမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး အလှူငွေများကို လက်ခံသည်။

ရှေးဦးစွာ သုံးခွမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စစ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဩဝါဒကထာ နာယူကြသည်။

**အလှူငွေပေးအပ်**

ထို့နောက် သုံးခွမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်မြို့ မြန်မာ့ဩဘာစင်တာက ငွေကျပ်၁၀သိန်း၊ သုံးခွမြို့နယ်ပညာရေးဝန်ထမ်းများက ငွေကျပ်သုံးသိန်း၊ သုံးခွမြို့ (၄)ရပ်ကွက် အောင်ဇေယျလမ်းနေ ဦးမောင်မောင်လှ–ဒေါက်တာဆွေဆွေမြင့် မိသားစုက ငွေကျပ်နှစ်သိန်းအပါအဝင် အလှူရှင်၅၅ဦးတို့က စုစုပေါင်းအလှူငွေကျပ်၄၆၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး အလှူငွေပေးအပ်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

# မန္တလေးတောင် မိုးရာသီသစ်ပင် စိုက်ပွဲနှင့် သစ်စေ့ကြဲပွဲကျင်းပ အတက်လမ်းတစ်လျှောက် စိန်ပန်း၊ တမာနှင့် မန်ကျည်းပင်များစိုက်ပျိုး

ရန်ကုန် စက်တင်ဘာ ၉

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ခုနှစ် မန္တလေးတောင်မိုးရာသီသစ်ပင်စိုက်ပွဲတော်နှင့် သစ်စေ့ကြဲပွဲတော်ကို ဩဂုတ်၂၆ရက် နံနက် ၈နာရီ၌ အောင်မြေသာစံမြို့နယ် မန္တလေးတောင်အတက်လမ်းတောင်ခြေ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပြီး သစ်ပင်များစိုက်ပျိုး၍ သစ်စေ့များကြဲပက်စိုက်ပျိုးပေးသည်။**

## တက်ရောက်

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အထက်မြန်မာပြည်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မန္တလေး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀၀ ကျော် တက်ရောက်ကြသည်။



ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးတောင်ရင်ပြင်တော်မှ ကျွန်း၊ စန္ဒကူး၊ ဆူးဖြူ၊ ဘောစကိုင်း၊ ကုက္ကို၊ စိန်ပန်းကြီး၊ ကံ့ကော်နှင့် မန်ကျည်းစေ့များ ကြဲပက်ပေးကြသည်။

## စိုက်ပျိုး

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင် အတက်လမ်း ခြင်္သေ့ကြီးနှစ်ကောင်အရှေ့ဘက်တောင်ခြေတွင် ခရေပင်များ စိုက်ပျိုးပေးကြသည်။ **(ယာပုံ)**

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက မန္တလေးတောင်အတက်လမ်း တစ်လျှောက်တွင် စိန်ပန်း၊ တမာ၊ မန်ကျည်းပင်များစိုက်ပျိုးပေးကြသည်။

## လိုက်လံကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးတောင်အတက်လမ်း တစ်လျှောက်ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သစ်ပင်စိုက်ပျိုးမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး မန္တလေးတောင်ခိုင်ရွှေဝါဘုရားသို့ ရောက်ရှိကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ခိုင်ရွှေဝါဘုရားအား ဖူးမြော်ကြည်ညိုပြီး ခိုင်ရွှေဝါဘုရားရင်ပြင်တော်မှတစ်ဆင့် မန္တလေးတောင်သို့ သဘော်တည်၊ တမာ၊ စိန်ပန်း၊ လဲမှို့၊ ကုက္ကိုစေ့များ ကြဲပက်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးတောင်ပေါ်သို့ ရောက်ရှိကြပြီး မန္တလေးတောင်ဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

## စီမံလန်းစိုပြည်ရေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးတောင်ပေါ်မှ မန္တလေးတောင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုများနှင့် မန္တလေးတောင် ရေပေးဝေရေးစနစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးတောင်အဆင်းလမ်း တစ်လျှောက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက တမာ၊ မန်ကျည်း၊ စိန်ပန်းများ စိုက်ပျိုးမှုကို လိုက်လံကြည့်ရှုအားပေးသည်။



## သစ်ပင်စိုက်ပျိုးပွဲတော်

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ခုနှစ် မန္တလေးတောင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် သစ်စေ့ကြဲပွဲတော်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက တမာ၊ စိန်ပန်း၊ မန်ကျည်းနှင့် သစ်ဆိမ့်ပျိုးပင်၁၁၀၀၊ သဘော်တည်၊ တမာ၊ စိန်ပန်း၊ လဲမှို့၊ ကုက္ကိုမျိုးစေ့ ၁၈၇ပြည် စိုက်ပျိုးကြဲပက်၍ မန္တလေးတိုင်းသစ်တောဦးစီးဌာနမှ ခရေ၊ ကံ့ကော်၊ တမာ၊ မန်ကျည်း၊ စိန်ပန်း၊ သစ်ဆိမ့်ပျိုးပင်၂၈၀၀နှင့် ကျွန်း၊ စန္ဒကူး၊ ဆူးဖြူ၊ ဘောစကိုင်း၊ ကုက္ကို၊ စိန်ပန်းကြီး၊ ကံ့ကော်နှင့် မန်ကျည်းမျိုးစေ့ ၂၄ပြည်စိုက်ပျိုးကြဲပက်ပေးခဲ့ရာ ယနေ့စိုက်ပျိုးမှု စုစုပေါင်းမှာ ပျိုးပင်၃၉၀၀ နှင့် မျိုးစေ့ပြည်၂၁၁ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရိုးရာမှုဟန်ထိန်းသိမ်းစို့

* ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့
ဒို့ရဲ့မြန်မာ ရှေးအစဉ်အလာ
အမျိုးနဲ့ဘာသာ ဝေစည်ခဲ့ကြ။
ကြိုးဘွဲ့ကဗျာတွေ သီခဲ့ကြ။
ကတဲ့လက်တွေ ညီခဲ့ကြ။

* တံတျာ၊ သီတာ၊ သာယာကြိုးနဲ့
ပတ်ပျိုးဘွဲ့သီချင်း ယမုံနာ
ဂန္ဓမာတောင်ဘွဲ့ မဉ္ဇူသကာ။

* အီနောင်ဇာတ်တော် ပြိုင်စံထားလို့
မြိုင်ထ နှစ်ပါးသွား အကစုံစွာ
မန္တလာမြို့ဘွဲ့ ဝေဇယန္တာ။

* ရောင်ခြည်ခြောက်ဖြာ စွယ်တော်ဘုရား
ထူးမခြားနား သီချင်းခံရေးသီကာ
မြဝတီဝန်ကြီး ဆက်သွင်းလာ။

* တံခွန်တိုင် ရွှေကုက္ကားနဲ့ ဘုရားကိုမြင်
အထူးပင်ကျော်ကြားတဲ့ သည်သီချင်း
ရွှာစားကြီးစိန်ဗေဒါ ပတ်သံညှင်း။

* ဆို၊ က၊ ရေး၊ တီးပွဲတော်ကြီး
ဆင်နွှဲပျော်ကြ သည်ချိန်ခါ
အနုပညာ မောင်တို့မယ်တို့
ဆိုဖို့ ဘယ်သို့ကြံပါ့မယ်။
ကဖို့ ဘယ်သို့ဟန်ကကြွယ်။
ရေးဖို့ ဘယ်သို့တွေးကြမယ်။
တီးကြ မှုတ်ကြ လက်သံကြွယ်။
ရိုးရာမှုဟန် ထိန်းသိမ်းကွယ်။ ။

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု**
**အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကိုကြိုဆိုလျက်–**

**ဖိုးရန်နိုင် (ကျောက်ကြီး)**

# မြန်မာနိုင်ငံပန်းချီ၊ပန်းပုပြပွဲ(၂၀၀၆) မန္တလေး၌စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ပြပွဲဖြစ်မြောက်ရေး ကော်မတီက ကြီးမှူး၍ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုပြပွဲ(၂၀၀၆)ကို မန္တလေး မြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ၂ရက်မှ ၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

## ပေးပို့

ပြပွဲတွင် အစည်းအရုံးဝင်ပန်းချီ၊ ပန်းပုဆရာတိုင်း ပါဝင်ပြသနိုင်ရန်အတွက် ကြိုတင်ထုတ်ပြန်ထားသည့် အတိုင်း ပန်းချီနှင့် ပန်းပုများရေးဆွဲ ထုလုပ်ထားကြရန်နှင့် ပြပွဲ ကတ်တလောက်တွင် ပန်းချီ၊ပန်းပုလက်ရာများပါရှိစေရန်အတွက် စက်တင်ဘာ ၂၀ ရက်မှစတင်၍ ၂၇ရက်နောက်ဆုံးထားပြီး ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘောဇရိပ်သာ ပန်းချီ၊ ပန်းပု ကျောင်းသို့လည်းကောင်း၊ မန္တလေးမြို့ ပန်းချီ၊ ပန်းပုကျောင်းနန်းရှေ့သို့လည်းကောင်း ရုံးချိန်အတွင်း ပေးပို့သွားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လှိုင်သာယာမြို့နယ်ရှိ စံပြဆုရကျောင်းများအား ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၉

**၂၀၀၅–၂၀၀၆ခုနှစ်(ပညာသင်နှစ်)ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး စံပြဆုရရှိခဲ့သည့် လှိုင်သာယာမြို့နယ် အတွင်းရှိ အထက(၂)၊ အလက(၃)၊ အမက(၃၈) ကျောင်းသုံးကျောင်းတို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက် နံနက် ၈နာရီက လှိုင်သာယာမြို့နယ် အထက(၁)အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း တက်ရောက်အဖွင့် အမှာစကားပြောကြားသည်။**

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူးဦးရန်နောင်က ရန်ကုန်တိုင်းကျောင်းကျန်းမာရေး စံပြဆုရရှိခဲ့ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ လှိုင်သာယာမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်တင်တင်စိန်က ကျောင်းကျန်းမာရေးစံပြဆု အမှတ်ပေးစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ လည်းကောင်း အသီးသီး ပြောကြားကြပြီး ၂၀၀၅–၂၀၀၆ခုနှစ် ကျောင်းကျန်းမာရေးစံပြ ပထမဆု ရရှိခဲ့ကြသော အထက(၂) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးအား ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း **(အပေါ်ပုံ)**ကလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လူလူသန်းက ကျောင်းကျန်းမာရေးစံပြ ပထမဆုရ အလက(၃)ကျောင်းမှ ကျောင်းအုပ် ဆရာမကြီးအား လည်းကောင်း၊ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ကျောင်းကျန်းမာရေး ဒုတိယဆုရရှိသောအမက(၃၈)ကျောင်းအုပ် ဆရာမကြီးအားလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

ထို့နောက် ဂုဏ်ပြုဆုရရှိသော ကျောင်းများကိုယ်စား ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးစံပြဆု အထက်တန်းအဆင့်တွင် ပထမဆုရရှိသော အထက(၂)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(၁၈၀)**



## ပေးအပ်

**စက်တင်ဘာ၉ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများအား ဆုပေးပွဲကို အသင်းခွဲ နေ့ကလေးထိန်းကျောင်း၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူက ကျောင်းသူတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။**
(မြန်မာ့အလင်း)

# အင်အားပြင်း မြေငလျင်လှုပ်

**ရန်ကုန် စက်တင်ဘာ ၉**

စက်တင်ဘာ ၉ရက် မြန်မာစံတော်ချိန် ၁၀နာရီ ၄၃မိနစ် ၁၂စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၂၃၀၀ခန့်ကွာဝေးသောနေရာ(မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အား ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်သည်။ **(သတင်းစဉ်)**

# နေရောင်ခြည်စွမ်းအင်ထုတ်ယူသုံးစွဲမှု လာမည့်နှစ်များအတွင်း တိုးတက်များပြားလာနိုင်

**အော့စလို စက်တင်ဘာ ၉**

အသေးစား နေရောင်ခြည်စွမ်းအင်သုံးလုပ်ငန်းများ တိုးတက်များပြားလာ၍ ၂၀၂၅ခုနှစ်တွင် ကမ္ဘာ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၂၃သမ ၅ရာခိုင်နှုန်းအထိ ရှိလာနိုင်ကြောင်း စီးပွားရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့ အစည်းတစ်ခု၏ ကြေညာချက်တွင် ဖော်ပြသည်။

## ကိုယ်စားပြု

ဆိုလာစွမ်းအင်သည် ၂၀၂၅ခုနှစ်တွင် ကျောက်မီးသွေးစက်ရုံ၁၅၀မှ နှစ်စဉ်ထုတ်လုပ်သောစွမ်းအင်ကို ကိုယ်စားပြုလိမ့်မည်ဖြစ်ကြောင်း ဂရင်းပိစ်က ပြောကြားသည်။

နေရောင်ခြည်စွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် အသုံးပြုနေမှုမှာ ယခုအခါ ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၀ဒသမ ၀၅ရာခိုင်နှုန်းအထိ ရှိလာနေရာမှ ၂၀၂၅ခုနှစ်တွင် ၂ဒသမ ၅ရာခိုင်နှုန်းအထိ ရှိလာနိုင်ကြောင်း၊ ၂၀၄၀ပြည့်နှစ်တွင် ၁၆ရာခိုင်နှုန်းအထိ ခုန်တက်လာနိုင်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

## တိုးတက်လာ

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ဈေးကွက်သည် တိုးတက်လာနေပြီဖြစ်ကြောင်း ဂျာမနီနိုင်ငံ ဒရက်စ်ဒန်မြို့၌ကျင်းပသော ကွန်ဖရင့်တစ်ရပ်၌ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

ယင်းစွမ်းအင်သုံးစနစ် ပစ္စည်းများရောင်းချမှုမှာလည်း နှစ်စဉ်ပျမ်းမျှအားဖြင့် ၃၅ရာခိုင်နှုန်း မြင့်တက်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဂွာတီမာလာလေဆိပ်၌ ဓားပြတိုက် အစောင့်ကိုပစ်သတ်ပြီး ဒေါ်လာရှစ်သန်းလုယူသွား

မက္ကဆီကိုစီးတီး စက်တင်ဘာ ၉

**ဂွာတီမာလာနိုင်ငံ လာအော်ရိုရာ နိုင်ငံတကာလေဆိပ်၌ စက်တင်ဘာ ၇ရက်က လက်နက်ကိုင်ဓားပြများက အစောင့်တစ်ဦးအား ပစ်သတ်ပြီး ပုဂ္ဂလိကဘဏ်ပိုင် အမေရိကန်ဒေါ်လာရှစ်သန်းကို လုယူသွားခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၌ ဖော်ပြသည်။**

အကေ–၄၇ ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ထားသော ဓားပြဂိုဏ်းသည် အဆိုပါလေဆိပ်ဝင်ပေါက် နံပါတ်(၇)တွင် ဂွာတီမာလာဘဏ်၏ အရာရှိများက (ဒေါ်လာ ၂၂သန်းကို ကားဖြင့် သယ်ဆောင်လာစဉ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဂွာတီမာလာမှဖော်ပြသော သတင်းများအရ သိရသည်။

## ရှော့ဆိုင်းထား

အာဏာပိုင်များက အဆိုပါလေဆိပ်ကို ပိတ်ဆို့ထားပြီး ပျံသန်းရေးအစီအစဉ်များကို ရွှေ့ဆိုင်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဂွာတီမာလာနိုင်ငံရှိ လာအော်ရိုရာလေဆိပ် ဓားပြတိုက်မခံရမီ မြင်ကွင်းကို စက်တင်ဘာ ၇ရက်ကတွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)



# အတ္တလန်တစ်အာကာသလွန်းပြန်ယာဉ် လွှတ်တင်လိုက်ပြီ အာကာသယာဉ်မှူးခြောက်ဦး လိုက်ပါသွားခဲ့

ဖလော်ရီဒါ စက်တင်ဘာ ၉

**အတ္တလန်တစ်အာကာသလွန်းပြန်ယာဉ်ကို နိုင်ငံတကာအာကာသစခန်း(အိုင်အက်စ်အက်စ်)တည်ဆောက်ပြုပြင်ရန်အတွက် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ လွှတ်တင်လိုက်ပြီ ဖြစ်သည်။** (အပေါ်ပုံ)

**အဆိုပါ လွန်းပြန်ယာဉ်သည် စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် ၁၁ နာရီ ၁၅ မိနစ်တွင် ဒုံးပစ်စင်မှ လွှတ်တင်လိုက်ရာ ကိုးမိနစ်အတွင်း ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားသည်။**

**ယင်းလွန်းပြန်ယာဉ်ပေါ်တွင် အာကာသယာဉ်မှူးခြောက်ဦးလိုက်ပါသွားပြီး ယင်းတို့သည် ၂၀၀၃ခုနှစ်က ကိုလံဘီယာလွန်းပြန်ယာဉ်ပျက်ကျခဲ့ပြီးနောက် လေးနှစ်တာရွှေ့ဆိုင်းခဲ့သည့် နိုင်ငံတကာ အာကာသစခန်း တည်ဆောက်ရေးကို ပြန်လည်စတင်ကြမည်ဖြစ်သည်။ အတ္တလန်တစ်လွန်းပြန်ယာဉ်ကို ဩဂုတ်၂၇ရက်က လွှတ်တင်ရန် မူလကစီစဉ်ထားခဲ့သော်လည်း မုန်တိုင်းနှင့်နည်းပညာဆိုင်ရာပြဿနာအချို့ကြုံတွေ့ခဲ့ရသဖြင့် လွှတ်တင်ရက်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း နာဆာက ပြောကြားသည်။** (အင်တာနက်)

# တိုနီဘလဲ နုတ်ထွက်မည့်သတင်းအား လန်ဒန်မြို့ မဲဆန္ဒရှင်များက ကြိုဆိုခဲ့ကြ

လန်ဒန် စက်တင်ဘာ ၉

**ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် တစ်နှစ်အတွင်း ရာထူးမှနုတ်ထွက်လိမ့်မည်ဟု သတင်းပေါ်ထွက်လာခြင်းကို စက်တင်ဘာ ၇ ရက်က လန်ဒန်မြို့လမ်းများပေါ်တွင် မဲဆန္ဒရှင်များက ကြိုဆိုခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။**

## မျှော်လင့်ထား

ဘလဲသည် ၎င်း၏ရည်မှန်းချက်အတိုင်း တာဝန်များထမ်းဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ကြီးချုပ် ဂေါ်ဒန်ဘရောင်းကဲ့သို့ အောင်မြင်သူဖြစ်ရန် ၎င်းအနေဖြင့် မျှော်လင့်ထားကြောင်း အဆိုပါ မဲဆန္ဒရှင်များက ပြောကြားသည်။

ဝန်ကြီးချုပ်တိုနီဘလဲ ထွက်ခွာခြင်းသည် လေဘာပါတီအတွက် အကောင်းဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယင်းတို့အနေဖြင့် အပြောင်းအလဲတစ်ခုခုလုပ်ရန် လိုအပ်ခြင်းကြောင့်ဖြစ်ကြောင်း ပြည်သူ့ကဏ္ဍာရေးရာဝန်ထမ်းတစ်ဦးဖြစ်သူ မာတင်ဖရိုင်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဘင်္ဂလားဒေ့ရှ်သို့ ယူအင်န်ဒီပီက ဒေါ်လာ ၂၆၆သန်း ထောက်ပံ့မည်

**ဒါကာ စက်တင်ဘာ ၉**

ဆင်းရဲနွမ်းပါး လျော့နည်းရေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေးအတွက် လာမည့်ငါးနှစ်ကျော်ကာလတွင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၆၆သန်းကို ကုလသမဂ္ဂက အကူအညီပေးမည်ဟု ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(ယူအင်န်ဒီပီ)က သဘောတူညီလိုက်ကြောင်း စက်တင်ဘာ ၇ ရက်ကထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

## ဖြည့်ဆည်းပေးမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ နေရာဒေသငါးခုတွင် စီမံကိန်းလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂၆၆ ဒသမ ၀၅သန်းကို ယူအင်န်ဒီပီက ဖြည့်ဆည်းပေးမည်ဖြစ်သည်။

## ပြန်ပေးရန်မလို

အဆိုပါ ငွေကြေးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ပြန်လည်ပေးအပ်ရန်မလိုကြောင်းလည်း ယူအင်န်ဒီပီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယူအင်န်ဒီပီသို့ ယခုပေးသည့် ထောက်ပံ့ငွေပမာဏသည် ယူအင်န်ဒီပီအနေဖြင့် အမြင့်မားဆုံးပမာဏဖြစ်ကြောင်း၊ ၎င်းငွေကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း၃၀ခန့် ပေးမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

## ကားဗုံးခွဲ

**အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာမြို့၌ အသေခံကားဗုံးခွဲမှုကြောင့် ပျက်စီးသွားသော ယာဉ်တစ်စီးကို စက်တင်ဘာ ၇ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)



# အာဖဂန်၌ ဗုံးခွဲတိုက်ခိုက် ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

**ကဘူးလ် စက်တင်ဘာ ၉**

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာမြို့၌ စက်တင်ဘာ ၇ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းသို့ဖြစ်ပွားရာ၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦး စုစုပေါင်းသေဆုံးသူ ၁၃ဦး ရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

## လုံခြုံရေးစောင့်ကြပ်

အာဖဂန်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးအဖွဲ့အစည်းများသည် အဆိုပါနေရာ၌ လုံခြုံရေးစောင့်ကြပ်လျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

10-9 (04) 1 9/10/06, 1:24 AM



အိန္ဒိယနိုင်ငံ တောင်ပိုင်း ချင်းနိုင်မြို့ရှိ ဟွန်ဒိုင်း မော်တော်ကား စက်ရုံ မော်တော်ယာဉ် ထုတ်လုပ်ရေး လုပ်ငန်းခွင်တွင် အင်ဂျင်များ စစ်ဆေးနေမှုကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာရပ်အဖွဲ့ချုပ်ဝင်နိုင်ငံများ နျူကလီးယားစွမ်းအင်ရရှိရေး ဆောင်ရွက်မည်

ကိုင်ရို စက်တင်ဘာ ၉

**နျူကလီးယားစွမ်းအင်ရရှိရန် နည်းလမ်းရှာဖွေဆောင်ရွက်ရေးကို အာရပ်အဖွဲ့ချုပ်နိုင်ငံများက စက်တင်ဘာ ၆ ရက်၌ ပြုလုပ်သော အစည်းအဝေးတစ်ရပ်တွင် ဆုံးဖြတ်ခဲ့ကြကြောင်း အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် အမာမူဆာက ပြောကြားလိုက်သည်။**

ဒေသအတွင်း နျူကလီးယားကိစ္စနှင့်ပတ်သက်၍ အတိမ်းအစောင်းမခံသည့်အချိန်၌ အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံများက ယခုကဲ့သို့ နျူကလီးယားစွမ်းအင်ရရှိရေး ဆောင်ရွက်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် အာရပ်နိုင်ငံများ အနေဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် သဘောတူညီခဲ့ကြကြောင်းလည်း မစ္စတာမူဆာက ပြောကြားသည်။

ယခုအခါ နိုင်ငံအများအပြားသည် အတိမ်းအစောင်းမခံသော သိပ္ပံနည်းပညာဆိုင်ရာနယ်ပယ်၊ နျူကလီးယားစွမ်းအင်ဆိုင်ရာ လိုအပ်မှုနှင့် နျူကလီးယားစွမ်းအင် ရရှိရေးကို ကြိုးစားဆောင်ရွက်လျက် ရှိနေကြပြီဖြစ်ကြောင်းလည်း မစ္စတာမူဆာက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

**တက်ရောက်**

အာရပ်အဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၂ နိုင်ငံ ပါဝင်နိုင်သည်။ အီဂျစ်နိုင်ငံကိုင်ရိုမြို့တွင် ကျင်းပသည့် ယခုအစည်းအဝေးသို့ အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

**ဆော်ဩ**

နျူကလီးယား စွမ်းအင်ဆိုင်ရာ သုတေသနပြုမှုအတွက် လိုအပ်သော ကိစ္စရပ်များကို စတင်ဆောင်ရွက်ကြရန်လည်း မူဆာက ဆော်ဩလိုက်သည်။

**အမ်အင်အေ၊ရိုက်တာ**

# ရုရှားအရှေ့ပိုင်းရှိ ရွှေတွင်းမီးလောင် ၃၁ဦးပိတ်မိနေ

**မော်စကို စက်တင်ဘာ ၉**

ရုရှားနိုင်ငံအရှေ့ပိုင်းတွင်ရှိသော ရွှေတွင်းတစ်တွင်း၌ စက်တင်ဘာ ၇ ရက်က မီးလောင်မှုဖြစ်ပွားရာ ရွှေတွင်းလုပ်သား ၃၁ဦး ပိတ်မိနေကြောင်း အခြားအလုပ်သမားများကို လုံခြုံ ဘေးကင်းရာသို့ ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ချိန်တွင် မြေအောက်၌ အလုပ်သမား ၆၄ဦး ရှိနေကြောင်း ထိုရွှေတွင်းမှာ တရုတ်နိုင်ငံနယ်စပ် အနီးရှိ ရွှေတွင်းဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ အရာရှိများက ပြောကြားသည်။

**ပို့ဆောင်**

ရွှေတွင်းအတွင်းရှိ အလုပ်သမားများအား အပြင်ဘက်ရောက်အောင် ရွှေတွင်းနှင့်ဆက်သွယ်ထားသော အခြားဥမင်တစ်ခုမှ အလျင်အမြန်ကယ်ထုတ်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအရာရှိများက ပြောကြားသည်။

ရွှေတွင်းအလုပ်သမား ၃၃ ဦးကို အပြင်ရောက်အောင် ကယ်ထုတ်နိုင်ခဲ့ပြီး လောလောဆယ်တွင် ရွှေတွင်းထဲ၌ အလုပ်သမား၃၁ ဦးပိတ်မိနေဆဲဖြစ်သည်။ ပိတ်မိနေသော ရွှေတွင်းအလုပ်သမားများ သေဆုံးမှုနှင့်ဒဏ်ရာရရှိမှု အနေအထား မသိရသေးကြောင်းလည်း အဆိုပါအရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

# ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး အာဖဂန်၌ သေဆုံး

**လန်ဒန် စက်တင်ဘာ ၉**

အာဖဂန်နစ္စတန် နိုင်ငံတွင် စက်တင်ဘာ ၆ ရက်က ဗြိတိသျှတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ဗြိတိသျှစစ်ဘက်က ပြောကြားသည်။

ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးမှာ အာဖဂန်နစ္စတန် တောင်ပိုင်းတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး အခြားခြောက်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

နောက်ထပ် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးမှာ အာဖဂန်နစ္စတန်နိုင်ငံ ဟယ်မန်းပြည်နယ် မြောက်ပိုင်းတွင် တိုက်ခိုက်ခံရမှုတစ်ရပ်ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

တတိယမြောက် သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်မှာ စက်တင်ဘာ ၁ ရက်က ရရှိခဲ့သည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

# ထိုင်းနှင့်ဂါနာနှစ်နိုင်ငံ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မည်

**နိုင်ရိုဘီ စက်တင်ဘာ ၉**

နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူလက်မှတ်ရေးထိုးမှုများ ပြုလုပ်နိုင်ရန် ဂါနာနိုင်ငံ ဒုတိယသမ္မတအယ်ဟာဂျီမာဟာမာသည် လာမည့်လတွင် ထိုင်းနိုင်ငံသို့ အလည်အပတ်လာရောက်မည်ဖြစ်ကြောင်း ဂါနာသတင်းဌာနက စက်တင်ဘာ၆ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

**အပြန်အလှန်**

မာဟာမာအနေဖြင့် ထိုင်းနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်၌ ထိုင်းနိုင်ငံခေါင်းဆောင်များနှင့်အတူ နှစ်နိုင်ငံအကြား စီးပွားရေးအပြန်အလှန် ဆက်ဆံရေးများကို ဆွေးနွေးကြမည်ဖြစ်ပြီး ဂါနာနိုင်ငံအား စီးပွားရေးဆိုင်ရာ ထောက်ပံ့ ဖြည့်ဆည်းပေးနိုင်မှုများကိုလည်း ရရှိရန် ဆွေးနွေးမည်ဖြစ်သည်။

**ကြိုးစား**

အထူးသဖြင့် ဂါနာနိုင်ငံ၏ လမ်းများနှင့် ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံခေါင်းဆောင်များထံမှ အကူအညီပေးမှု ကတိကဝတ်များ ရအောင်လည်း ကြိုးစားသွားမည်ဖြစ်သည်။

ထို့အပြင် မာဟာမာသည် ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံပြီး ဂါနာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရရှိနိုင်မှုကို ဆွေးနွေးမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## သိုးတစ်ကောင်ကိုမျိုထားသော စပါးကြီးမြွေ



**သိုးတစ်ကောင်ကို မျိုချထားသော စပါးကြီးမြွေတစ်ကောင်ကို တွေ့ရစဉ်။** (ယာပုံ)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အရှေ့ဘက် ၁၂၄မိုင်ခန့် အကွာရှိ ကမ်ပန်ဂျာဘော ကျေးရွာတွင် သိုးတစ်ကောင်ကိုမျိုထားသော စပါးကြီးမြွေတစ်ကောင်ကို တွေ့ရှိခဲ့ကြပြီး ၎င်းမြွေကြီးသည် အရှည်ခြောက်မီတာရှိကာ အလေးချိန် ၁၉၈ဒသမ ၅ပေါင်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

## ဆဲလ်လူလာဖုန်း မျိုချထားသူ



**ဆဲလ်လူလာဖုန်း မျိုချထားသူတစ်ဦး၏ ဓာတ်မှန်ကိုတွေ့ရစဉ်။** (ဝဲပုံ)

အယ်ဆာဗေဒိုနိုင်ငံ အရှေ့တောင်ပိုင်း ဇာကာတီကိုလူကာမြို့တွင်ရှိသော အကျဉ်းစခန်းတစ်ခု၌ ထိန်းသိမ်းထားသော လူလေးဦးကို ဓာတ်မှန်ရိုက် စစ်ဆေးကြည့်ရာ ၎င်းတို့၏ အစာအိမ်အတွင်း ဆဲလ်လူလာဖုန်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# အစ္စရေးတပ်များ ရုပ်သိမ်းပြီးနောက် ဘေရွတ်လေဆိပ်သို့ လေယာဉ်စတင်ဆင်းသက်

**ဘေရွတ် စက်တင်ဘာ ၉**

အစ္စရေးတပ်များက လက်ဘနွန်နိုင်ငံအား ပိတ်ဆို့ထားမှုများ ရုပ်သိမ်းခဲ့ပြီးနောက် ရာဖစ်ဟာရီရီ နိုင်ငံတကာလေဆိပ်သို့ လက်ဘနွန် အရှေ့အလယ်ပိုင်း လေယာဉ်တစ်စင်းသည် စက်တင်ဘာ၇ရက်က စတင်ဆင်းသက်ခဲ့သည်။

**ဆင်းသက်**

အဆိုပါခရီးစဉ်လေယာဉ်သည် ခရီးသည်၁၅၀ကို တင်ဆောင်ကာ ပါရီမြို့မှ ပျံသန်းလာရာ အစ္စရေးတပ်များ ရုပ်သိမ်းပြီး ၁၁မိနစ်အကြာ ဒေသစံတော်ချိန် ညနေ၆နာရီ ၁၁မိနစ်တွင် ၎င်းလေဆိပ်သို့ စတင်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

**ပြောကြား**

ယင်းလေယာဉ်ကြီးသည် ၎င်းလေယာဉ်ကွင်း၌မဆင်းမီ အစ္စရေးတပ်များက ပိတ်ဆို့ထားမှုကို ရုပ်သိမ်းကြောင်း ကြေညာနေချိန်တွင် ဘေရွတ်မြို့ကို လှည့်ပတ်ပြီးမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှ အမှုဆောင်ဒါရိုက်တာတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှ မဲပေးအုပ်စု အမှုဆောင်ဒါရိုက်တာ Mr.Herwidayatmo က ယမန်နေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းသို့ လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဦးသန်းညိန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၉**

မြောက်ဥက္ကလာပမြို့ မိုးကုတ်ရိပ်သာပုပ္ပား(၃)ကျောင်းမှ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရှေဦးဆရာတော် အရှင်နန္ဒာသီရိသည် စက်တင်ဘာ ၁၁ ရက်မှ ၁၇ရက်အထိ ရေတံခွန်ကျောင်း ကြာအင်းဆိပ်ကြီးမြို့ ကရင်ပြည်နယ်၊ ၂၁ရက်တွင် သီတဂူပတ္တမြားကျောင်း ပဲခူးမြို့၊ အောက်တိုဘာ၂ရက်မှ ၁၀ရက် အထိ အဖွဲ့ခွဲအမှတ် (၁၂၈) မိုးညိုမြို့နှင့် ၁၁ရက်မှ ၁၇ရက်အထိ အဖွဲ့ခွဲအမှတ် (၂၉၆) ကြိုးကြာကန်ရွာ နတ်တလင်းမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် ၄၀ ကျိုက်လတ်လမ်း ဒေါ်ခင်နွဲ့အား ရည်စူး၍ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် ၇၃ (B) မြေညီ သတိပဋ္ဌာန်လမ်း ဒေါ်နှင်းကြည်မွေးနေ့ အလှူမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအာယုဒါနအလှူ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအလှူတော်အတွက် တာမွေမြို့နယ် ကျိုက္ကဆံလမ်း ၂၀၆နေ ဦးခင်ကြီး-ဒေါ်ညွန့်တင်၊ ဒေါ်ခင်ခင်မြင့် မိသားစုက ငွေကျပ်တစ်သိန်း၊ တာမွေမြို့နယ် သီတာလမ်းနေ ဦးညွန့်တင်-ဒေါ်အေး၊ သား ဦးသိုက်ထွန်း (မွေးနေ့)အတွက် ငွေကျပ်တစ်သိန်း၊ မြောက်ဥက္ကလာပမြို့နယ် ဃ/တိုးချဲ့ရပ်ကွက် သီရိကန်သာအိမ်ရာ ဦးကံညွန့် (မွေးနေ့) အတွက် ငွေကျပ်တစ်သိန်းငါးသောင်းခြောက်ထောင်၊ စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်း ရပ်ရှင်သရုပ်ဆောင် အရိုင်း-မဉမ္မာ မိသားစုက ကျပ်လေးသောင်းတို့ကို လှူဒါန်းကြသည်။ ဆေးနှင့်အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၉**

၂၀၀၆ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၆ရက်တွင် နေပြည်တော်၌ ကျင်းပရန်စီစဉ်လျက်ရှိရာ ယမန်နှစ်ကဲ့သို့ ရိက္ခာထုတ်လုပ်မှု ထူးချွန်ဆုများနှင့်အတူ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့၌ ဆုရရှိကြသူ အခြေခံပညာ အထက်တန်း အလယ်တန်းနှင့် မူလတန်းကျောင်းသား ကျောင်းသူများကိုလည်း အဆိုပါ အခမ်းအနား၌ ဆုများချီးမြှင့်ရန် စီစဉ်လျက်ရှိသည်။

**သတ်မှတ်ပေးထား**

စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများ အတွက် ခေါင်းစဉ်များ သတ်မှတ်ပေးထားပြီးဖြစ်ရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့် သုံးဆင့်စလုံးအတွက် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်မှာ **"ရိက္ခာဝမ်းစာဖူလုံဖို့ စိုက်ပျိုးရေးတွင် ရင်းနှီးစို့"**ဟု သတ်မှတ်ပေးထား၍ အဆင့်သုံးဆင့်စလုံးအတွက် ပန်းချီပြိုင်ပွဲတွင် **"ကြက်ငှက်တုပ်ကွေး ဘေးရန်ကင်းစေဖို့ ဝိုင်းဝန်းကူညီကြပါစို့"**ဟူ၍ သတ်မှတ်ပေးထားသည်။

စာစီစာကုံးပြိုင်ပွဲတွင် အဆင့် သုံးဆင့်စလုံး၌ ပထမ၊ ဒုတိယ၊ တတိယဆုတစ်ဆုစီ စုစုပေါင်း ကိုးဆုနှင့် ပန်းချီပြိုင်ပွဲတွင် အဆင့် သုံးဆင့်၌ ထူးချွန်ပထမဆု တစ်ဆုစီ စုစုပေါင်းသုံးဆုနှင့် အထူးဆုနှစ်ခုစီ ပေါင်းခြောက်ဆု ရွေးချယ်ချီးမြှင့်သွားမည် ဖြစ်သည်။

စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများအတွက် သက်ဆိုင်ရာ ကျင်းပရေးကော်မတီများက အသေးစိတ်စည်းကမ်းချက်များကို ချမှတ်ပေးထားပြီး ပန်းချီပြိုင်ပွဲတွင် (၁၅လက်မ x လက်မ ၂၀)အရွယ် နှစ်သက်ရာ စက္ကူ၊ နှစ်သက်ရာ စက္ကူအမျိုးအစားဖြင့် ရေးဆွဲယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**ဆုချီးမြှင့်**

ဆုရရှိသူများအား ကမ္ဘာ့စားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(F.A.O)က ဆုများကိုချီးမြှင့်မည်ဖြစ်ပြီး နေပြည်တော်တွင် ကျင်းပမည့် အခမ်းအနားသို့ စာစီစာကုံးဆုရရှိသူ ကိုးဦးနှင့် ပန်းချီထူးချွန်ဆု ပထမရသူ(ထက်၊ လယ်၊ မူ) သုံးဦး စုစုပေါင်း ၁၂ဦးတို့ တက်ရောက်လက်ခံယူရန် စီစဉ်ထားသည်။ ပန်းချီအထူးဆုရရှိသူများကို သီးခြား အစီအစဉ်ဖြင့် ချီးမြှင့်ပေးမည်ဟု သိရှိရသည်။

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဖုန်း-၀၁-၆၆၇၃၁၆၊ ၀၁-၆၆၇၃၇၅နှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာ ဦးစီးဌာနတို့တွင် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနိုင်

**ရန်ကုန် စက်တင်ဘာ ၉**

**စက်တင်ဘာဒုတိယ ၁၀ရက်ပတ် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်။**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလ ဒုတိယ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများမှ ဆုတ်ခွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့် ထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် စင်တီမီတာ၁၂၀ လေးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီမီတာ၆၀ ၂ပေခန့်နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့၌ စင်တီမီတာ၃၀ ၁ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် စင်တီမီတာ ၁၅၀ ၅ပေခန့်၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ စင်တီမီတာ၉၀ ၃ပေခန့်နှင့် မုံရွာမြို့တို့တွင် စင်တီမီတာ ၆၀ ၂ပေခန့်လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

# အင်တာနက် သတင်းနှင့် ဓာတ်ပုံ



## ဆေးအမျိုးမျိုးရောစပ်သုံးစွဲမှု အသက်ကြီးသူများအတွက်အန္တရာယ်ရှိ

သက်ကြီးရွယ်အိုများအနေဖြင့် ဆေးဝါးအမျိုးမျိုး တစ်ကြိမ်တည်း ရောထွေးစားသုံးခြင်းဖြင့် မတော်တဆ ဒုက္ခရောက်သွားစေနိုင်ကြောင်း ဆေးစပ်ကျွမ်းကျင်သူတစ်ဦးက သတိပေး ပြောကြားလိုက်သည်။ အချို့ဆေးများမှာ ဘေးထွက်ဆိုးကျိုးများ ရှိသည် ဆို၏။

**လေ့လာ**

လူအိုရုံတစ်ရုံမှ အသက်၇၈နှစ်နှင့် ၈၆နှစ်ကြားရှိ သက်ကြီးရွယ်အို ၆၉၅ဦးကို အဘာဒင်မြို့ ရောဘတ်ဂေါ်ဒွန်တက္ကသိုလ်မှ ဆေးစပ်ကျွမ်းကျင်သူ ဘင်မန်ဂိုးက ကွင်းဆင်းလေ့လာခဲ့သည်။ သက်ကြီးရွယ်အို ထက်ဝက်ခန့်မှာ တစ်နေ့လျှင် ဆေးအမယ် ငါးမျိုးမက စားသုံးနေကြပြီး ငါးဦးလျှင် တစ်ဦးမှာ အနည်းဆုံး ဆေးပြား၁၂ ပြားသောက်နေရသည်။

**အန္တရာယ်များ**

ထိုအတောအတွင်း ထက်ဝက်ကျော်မှာ **အရောင်အရမ်း**ပျောက်ဆေးနှင့် သွေးတိုးရောဂါပျောက်ဆေးများကို စားသုံးနေသည့်အတွက်လည်း အန္တရာယ်များသည်ဆို၏။

ထို့ကြောင့် သက်ကြီးရွယ်အိုများမှာ ဆေးဝါးများ ရောစပ်စားသုံးမှု၊ မကြာခဏဆေးပြောင်းပေးမှုတို့ကြောင့် အန္တရာယ်ရှိတတ်သည်ဟု ဆိုသည်။ **(ကိုးကား-အင်တာနက်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၉-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ပေါ့ပေါ့ပါးပါး ဂေါက်သီး အားကစား (အခြေခံ) |
| ၇:၁၅ | တေးဂီတအစီအစဉ် |
| ၇:၂၀ | နိုင်ငံတကာ အနုပညာရေးရာ |
| ၇:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၅၅ | တေးဂီတအစီအစဉ် |
| ၈:၀၀ | ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ |
| ၈:၀၅ | တေးဂီတအစီအစဉ် |
| ၈:၁၀ | MRTV-4 စာအုပ်စင်ကဏ္ဍ [တာဝန်ခံ အယ်ဒီတာ ဦးမြင့်ထွန်း (သန္တရသမဂ္ဂဇင်း) နှင့် တွေ့ဆုံခြင်း] |
| ၈:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | ကူးစက်မြန် မျက်စိနာ ကာကွယ်ကုသပါ (ဒေါက်တာ ထွန်းအောင်ကျော်) |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၉:၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၀၀ | ဆန်းသစ်လှပ ခေတ်မီသော မြန်မာ့ချည်ထည်အဆင်ဆန်းများ |
| ၁၀:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၃၀ | တေးဂီတအစီအစဉ် |
| ၁၀:၃၅ | ပရိတင်းဓာတ်ကြွယ်ဝဖို့ ငါးအသားလွှာ စားကြစို့ |
| ၁၀:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၅ | ကလေးတို့အတွက် လက်ဆောင် (ရွှေငါးပန်းချီကား) |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင် ဇာမဏီ |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | ရော်ဘာသစ် အလှပရိဘောဂ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉:၀၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports |
| ၉:၂၅ | West Ham-Aston Villa | 5-Sports (Live) |

**Series-A ဘောလုံးပွဲစဉ်**

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇:၃၀ | AC Milan-Lazio | 5-Series (Live) |

❒ *ကျောဖုံးမှ*

ငွေတံဆိပ် ၃၁ခုနှင့် ကြေးတံဆိပ် ၄၁ ခု ဆွတ်ခူးရယူပြီး အမိနိုင်ငံတော်အလံကို ဝွားဝွားစွင့်စွင့် လွှင့်ထူပေးလျက်ရှိသည်။

**နိုင်ငံတကာ**

နိုင်ငံတော်အတွက် အောင်မြင်မှု ရယူပေးလျက်ရှိသည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ယခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် နိုင်ငံတကာပြိုင်ပွဲကြီး သုံးခုကို ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နိုဝင်ဘာ ၂ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ၊ ဒီဇင်ဘာလ၌ ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတို့ဖြစ်သည်။



မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ) ရှင်းလင်းပြောကြားစဉ်။ (ဓာတ်ပုံ-ကိုကိုစိုးညွန့်)

**လက်ခံကျင်းပခဲ့**

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် ယခင်က နိုင်ငံတကာ မြားပစ်ပြိုင်ပွဲများအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ၁၉၉၈ ခုနှစ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲ၊ ၂၀၀၃ ခုနှစ်တွင် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် အေသင်အိုလံပစ်လက်ရည်စစ်ပြိုင်ပွဲ၊ ၂၀၀၅ ခုနှစ်တွင် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတို့ဖြစ်ကြသည်။ အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲကိုမူ မြန်မာနိုင်ငံက နှစ်နှစ်ဆက်တိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်ကျင်းပစဉ်က ရွှေ ကိုးခု၊ ငွေ ငါးခု၊ ကြေး ၁၀ ခု ဆွတ်ခူးရရှိခဲ့သည်။ အာရှအားကစားပြိုင်ပွဲကိုမူ သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၀၂ ခုနှစ် (၁၄)ကြိမ်မြောက် ဘူဆန် အာရှအားကစားပြိုင်ပွဲတွင် အဆင့်(၅) ဒီပလိုမာရရှိခဲ့သည်။

**အလေးထား**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲ နှစ်ခုအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ အောင်မြင်မှု ဆုတံဆိပ်များ ဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ အာရှအားကစားပြိုင်ပွဲတွင် အဆင့်အတန်းမြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် အထူး အလေးထား လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲသုံးခုအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်နေမှုများနှင့်ပတ်သက်၍ မြန်မာ့အလင်းက မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ)အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**လာရောက်ယှဉ်ပြိုင်**

ရှေးဦးစွာ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပြိုင်ပွဲနှစ်ခုနှင့် ပတ်သက်၍ ပြောကြားရာတွင် "တတိယအကြိမ်ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အထိ၊ ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျိုက္ကဆံကွင်းရှိ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲနှစ်ခုစလုံးတွင် Compound နှင့် Recurve အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းရော အသင်းလိုက်ပါ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ ဆုတံဆိပ်အနေဖြင့် ရွှေ၊ ငွေ၊ ကြေး ၁၆ ခုစီ ချီးမြှင့်ရန်လျာထားကြောင်း၊ အာရှပတ်လည်ပွဲအတွက် ကမ္ဘာ့အဆင့်ရှိသည့် ကိုရီးယား၊ တရုတ်၊ ဂျပန်၊ တရုတ်(တိုင်ပေ)စသည့် အာရှမြားပစ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံအားလုံးကို ဖိတ်ကြားထားပါကြောင်း၊ အရှေ့တောင် အာရှမြားပစ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံကိုလည်း အရှေ့တောင်အာရှတံခွန်စိုက်ပွဲအတွက် ဖိတ်ကြားထားပါကြောင်း၊ သို့သော် မိမိတို့ ဒီမှာ လုပ်မည့်ပွဲနှစ်ခုနှင့် ရှန်ဟိုင်းမှာလုပ်မည့် ကမ္ဘာ့တံခွန်စိုက် မြားပစ်ပြိုင်ပွဲမှာကပ်နေ၍ ပြိုင်ပွဲဝင်နိုင်ငံအချို့မှာ ပွဲပန်းနေသဖြင့် မိမိတို့ လုပ်မည့်ပွဲကို ယှဉ်ပြိုင်ချင်မှ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အနည်းဆုံး ၁၅ နိုင်ငံနှင့် နိုင်ငံ ၂၀ အကြား လာရောက်ယှဉ်ပြိုင်မည်ဟု ခန့်မှန်းထားကြောင်း။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်မည်**

ယခုပြိုင်ပွဲနှစ်ခုတွင် မိမိတို့က တန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရန် လက်ရွေးစင် ၁၇ ဦးနှင့် အဖွဲ့ချုပ်လက်ရွေးစင် သုံးဦးကို လေ့ကျင့်ပေးနေကြောင်း၊ Compound ကျား၊ မ၊ Recurve ကျား၊ မ အသင်း လိုက်ပြိုင်ပွဲဝင်ရန် တစ်သင်းလျှင် လေးဦးစီသာ ယှဉ်ပြိုင်ရသော်လည်း မိမိတို့က တစ်ဦးချင်းပွဲတွေမှာ လူထပ်တိုးပြီး ယှဉ်ပြိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတကာ ပြိုင်ပွဲအသီးသီးတွင် ယှဉ်ပြိုင်နိုင်ရန် အဖွဲ့ချုပ်အနေဖြင့် ဖိလစ်ပိုင်ဆီးဂိမ်းအပြီး ဇန်နဝါရီလကတည်းက လေ့ကျင့်မှုကို အဆက်မပြတ်ပြုလုပ်ခဲ့ကြောင်း၊ လေ့ကျင့်နေရင်းမှ ပထမအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ(ထိုင်း)နှင့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှ ပတ်လည်မြားပစ်ပြိုင်ပွဲ (မလေးရှား)တို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိခဲ့ကြောင်း၊ ယခုပြိုင်ပွဲများကို ယှဉ်ပြိုင်ရန် ဇွန်လမှစ၍ လေ့ကျင့်မှုကို ပို၍ ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့ကြောင်း၊ နံနက် ၅ နာရီ ၅၅ မိနစ်မှ ၇ နာရီအထိ Physical Training ပြုလုပ်ကြောင်း၊ တစ်နေ့လျှင် နံနက် မြား ၇၂ ချောင်း၊ ညနေ ၇၂ ချောင်း အနည်းဆုံး ပစ်ခတ်ခိုင်းကြောင်း၊ အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တို့တွင် အဖွဲ့ချုပ်မှ ဒိုင်များ၊ နည်းပြများက အမှတ်များ ရယူပြီး ကျန်နေ့များတွင် ကိုယ့်အစီအစဉ်ဖြင့် မှတ်သားခိုင်းထားကြောင်း၊ တနင်္ဂနွေနေ့တွင် နံနက် ၅ နာရီ ၅၅ မိနစ်မှ ၇ နာရီ ၁၅ မိနစ်အထိ မြား ၃၆ ချောင်း ကို မိမိစိတ်ကြိုက် ပစ်ခတ်ခိုင်းကြောင်း၊



မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမား ကျော်ချမ်းငြိမ်း၏ လေကျင့်ဟန်။ (ဓာတ်ပုံ-ကိုကိုစိုးညွန့်)

မီတာ ၃၄၀၀ အပြေး၊ တာတို တာလတ်အပြေးနှင့် စိတ်တည်ငြိမ်စေရန် တရားထိုင်ခြင်းများကို သတ်မှတ်ထားသည့်နေ့များတွင် ပြုလုပ်ကြောင်း၊ ကစားသမားများက ပြင်းပြင်းထန်ထန် လေ့ကျင့်နေ၍ စံချိန်များ တိုးတက်ကောင်းမွန်ကြောင်း၊ အတန်းစုံမှ ဆုတံဆိပ်ရယူနိုင်ရန် ကြိုးစားနေပါကြောင်း၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်၍ ဦးကျော်ဦးက "ယခုအာရှ အားကစားပြိုင်ပွဲကို အမျိုးသား Recurve အသင်းသာ စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အသင်းလိုက်ရော တစ်ဦးချင်းပါ ယှဉ်ပြိုင်နိုင်ရန် ဇော်ဝင်းထိုက်၊ ကျော်ချမ်းငြိမ်း၊ မျိုးကိုကိုနှင့် ကျော်လင်းထွန်းတို့ လေးဦးကို ရွေးချယ်ထားကြောင်း၊ သို့သော် လေ့ကျင့်သည့်စံချိန်မှာ ပြိုင်ပွဲဝင်နိုင်သည့် အဆင့်မီမှ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အသင်းလိုက် စံချိန်ကောင်းလျှင် အသင်းလိုက် ပြိုင်မှာဖြစ်သလို တစ်ဦးချင်း စံချိန်ကောင်းလျှင်လည်း တစ်ဦးချင်းသာ စေလွှတ်ယှဉ်ပြိုင်မှာ ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကစားသမားများ၏ လေ့ကျင့်မှုမှာ ပြောစရာမလိုအောင်ပင် ကောင်းမွန်နေပါကြောင်း၊ လူသစ်ဖြစ်သည့် ကျော်လင်းထွန်းကို ယခုထက်ပို၍ လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ကျန်သုံးဦးက နိုင်ငံတကာ အတွေ့အကြုံရှိပြီးသားဖြစ်ကြောင်း၊ အာရှပွဲဆိုသော်လည်း ကမ္ဘာ့ထိပ်သီး မြားပစ်နိုင်ငံများဖြစ်သည့် ကိုရီးယား၊ တရုတ်၊ ဂျပန်တို့ လာရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့က ဆုတံဆိပ်တစ်ခုရယူရန်ပင် အတော် ကြိုးစားရမည်ဖြစ်ပါကြောင်း။

မိမိတို့အဖွဲ့ချုပ်အနေဖြင့် မြားပစ်အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အစဉ်အမြဲ ကြိုးစားနေပါကြောင်း၊ အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ လမ်းညွှန်မှုကိုခံယူ၍ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဥက္ကဋ္ဌ ဦးတင့်ဆန်းတို့က ကိုယ်စွမ်း ရှိသမျှ ဉာဏ်စွမ်းရှိသမျှ မြန်မာ့ မြားပစ်အားကစားတိုးတက်ရေး ဆောင်ရွက်နေပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

**လေ့ကျင့်ပေးနေ**

မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများကို နည်းပြဆရာများအဖြစ် ဦးအောင်သူရ၊ ရဲအုပ်သီသီဝင်းနှင့် ရဲအုပ်မြတ်သူဇာမြင့်တို့က လေ့ကျင့်ပေးနေပြီး မျိုးဆက်သစ် မြားပစ်အားကစားသမားများကို ကိုရီးယား လုပ်အားပေး နည်းပြက လေ့ကျင့်ပေးလျက်ရှိသည်။ ပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် ၁၇ ဦးနှင့် အဖွဲ့ချုပ်လက်ရွေးစင်သုံးဦးမှာ Compound အမျိုးသား လင်းနိုင်၊ ရဲမင်းဆွေ၊ ချမ်းအေးအောင်၊ ချစ်ဝင်းရှိန်၊ အမျိုးသမီး တင်ဇင်အိ၊ ယုနန္ဒာထိုက်၊ ကေသီ၊ အေးသီတာ၊ Recerve အမျိုးသား ဇော်ဝင်းထိုက်၊ ကျော်လင်းထွန်း၊ ကျော်ချမ်းငြိမ်း၊ မျိုးကိုကို၊ စောသာမူး၊ ဇော်မင်းထွန်း (အဖွဲ့ချုပ်လက်ရွေးစင်)၊ ဘုန်းမြတ်မောင်(အဖွဲ့ချုပ်လက် ရွေးစင်)၊ ဘုန်းမြင့်မောင် (အဖွဲ့ချုပ်လက်ရွေးစင်)၊ အမျိုး သမီး စန်းယုထွေး၊ အောင်ငိုမ်း၊ စုလတ်မွန်နှင့် ဇင်မေဖူးတို့ ဖြစ်ကြသည်။

**အရှိန်အဟုန်မြှင့်**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် ၂၀၀၈ ဘေဂျင်း အိုလံပစ်ပြိုင်ပွဲတွင် တစ်ဦးချင်း သို့မဟုတ် အသင်းလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ၂၀၀၆ ခုနှစ် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အဆင့်အတန်းမြင့်မားစွာ ယှဉ်ပြိုင်နိုင်ရေး၊ ၂၀၀၇ ခုနှစ် (၂၄)ကြိမ်မြောက် ထိုင်း ဆီးဂိမ်းတွင် ဖိလစ်ပိုင် ဆီးဂိမ်း၌ ရရှိခဲ့သော ရွှေတံဆိပ် တစ်ခုထက် ပိုမိုဆွတ်ခူးနိုင်ရေး၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ် အာရှပတ်လည်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်ပြိုင်ပွဲတို့၌ ဆုတံဆိပ်များစွာ ဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး စသည့် ရည်မှန်းချက်များထားရှိကာ အရှိန်အဟုန် မြှင့်တင်ကြိုးပမ်းလေ့ကျင့်နေကြပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



မြန်မာ့လက်ရွေးစင် ဇော်ဝင်းထိုက်၏ ပစ်မှတ်သို့ ချိန်ရွယ်ပစ်ခတ်ဟန်။ (ဓာတ်ပုံ-ကိုကိုစိုးညွန့်)

# ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်း စနစ်တကျထိန်းသိမ်းကြပ်မတ်ဆောင်ရွက် ခြေကျင်လျှောက်သူများ စည်းကမ်းလိုက်နာတတ်စေရေး ပညာပေးစည်းရုံး

နေပြည်တော် စက်တင်ဘာ ၉

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေး(၁၅/၂၀၀၆)ကို စက်တင်ဘာ ၈ ရက် ညနေ ၄ နာရီခွဲက နေပြည်တော် တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် ဆပ်ကော်မတီအသီးသီးတို့မှ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

**စနစ်တကျကြပ်မတ်**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နေပြည်တော်သည် တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများ စနစ်တကျရှိစေရေး၊ ယာဉ်တိုက်ခိုက်မှုလျော့နည်းပပျောက်ရေးတို့ကို ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စိုးက နေပြည်တော်အတွင်းရှိ မြို့နယ်များအလိုက် စည်းကမ်းဖောက်ဖျက်သောယာဉ်များအား အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပညာပေးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်နေမှု၊ စစ်ဆေးအရေးယူခဲ့မှု၊ အငှားယာဉ်ကြီးကြပ်ရေးနှင့် ကုန်တင်ယာဉ်ကြီးကြပ်ရေး ဆောင်ရွက်နေမှု၊ ယာဉ်မတော်တဆတိုက်မှုစာရင်းကောက်ယူရေးနှင့် သုတေသနပြုစုရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ရုပ်သိမ်း**

ထို့နောက် တင်ပြဆွေးနွေးချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အနေးယာဉ်များ လိုင်စင်စနစ်တကျရှိစေရေး၊ လမ်းညွှန်ဆိုင်းဘုတ်များထားရှိရေး၊ ခြေကျင်လျှောက် ခရီးသည်များ လမ်းစည်းကမ်းလိုက်နာတတ်စေရန် ပညာပေးစည်းရုံးဆောင်ရွက်သွားရေးတို့ကို မှာကြားကာ အစည်းအဝေးကို ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦး အောင် တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအေးမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေး သည် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ (၃/၂၀၀၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဖြစ်ကြောင်း။

ပြန်လည်ကျင်းပမည်

**၂၀၀၆ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျင်းပခဲ့သည့် (၂/၂၀၀၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမျိုးသားညီလာခံကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ဒုတိယပတ်တွင် ပြန်လည်စတင်ကျင်းပမည်ဟု မိမိပြောကြားခဲ့သည့်အတိုင်း အဘက်ဘက်မှ အဆင်ပြေမည့် ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ရက် (အင်္ဂါနေ့)တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ပြန်လည်စတင်ကျင်းပသွားမည်ဖြစ်ကြောင်း။**

**အမျိုးသားညီလာခံသို့ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့သို့ တက်ရောက်လျက်ရှိရာ ၎င်းတို့အနက် ကွယ်လွန်သွားသော ကိုယ်စားလှယ်များ၊ နာမကျန်းဖြစ်၍လည်းကောင်း၊ အသက်အရွယ်ကြီးရင့်၍လည်းကောင်း အမျိုးသားညီလာခံကိုယ်စားလှယ် တာဝန်မထမ်းဆောင်နိုင်တော့သည့် ကိုယ်စားလှယ်များ၊ အငြိမ်းစားယူသွားကြသော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များမှအပ ကျန်ကိုယ်စားလှယ်အားလုံးကို ယခင်ကအတိုင်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်း။**

**ညီလာခံကိုယ်စားလှယ်များထံ လုပ်ထုံးလုပ်နည်းနှင့်အညီ တစ်လကြိုတင်၍ ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၀ရက်မှစပြီး ဖိတ်စာများကို ပေးပို့သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပေးပို့နိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းများမှ တာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းထားပြီးလည်းဖြစ်ကြောင်း။**

နောက်ဆုံးထားတက်ရောက်

**အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံးသည် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ၂၀၀၆ခုနှစ် အောက်တိုဘာ ၇ရက် (စနေနေ့)နောက်ဆုံးထား၍ ရောက်ရှိ သတင်းပို့ကြရန် ဖြစ်ကြောင်း။**

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မိမိမှာကြားထားပြီးဖြစ်သည့်အတိုင်း ညီလာခံကိုယ်စားလှယ်များအား လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ ရထားဘူတာတို့မှ ညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းသို့ ကြိုဆိုပို့ဆောင်ရေး၊ ညောင်နှစ်ပင်စခန်းတွင် နေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ ကျန်းမာရေး အစရှိသည့် ကိစ္စအဝဝကို လိုလေသေးမရှိအောင် စီမံသွားကြရန် ထပ်မံမှာကြားလိုကြောင်း။

**စနစ်တကျ ဆောင်ရွက်**

ထို့အပြင် အမျိုးသားညီလာခံကျင်းပသည့် ညောင်နှစ်ပင်စခန်း လုံခြုံရေးနှင့် ညီလာခံကိုယ်စားလှယ်အားလုံး၏ လုံခြုံရေးကိစ္စတို့ကို အသေးစိတ်စီမံချက်များရေးဆွဲ၍ စနစ်တကျ ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံသို့ တင်ပြရန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူးဦးသောင်းညွန့်တို့က ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဗိုလ်ချုပ်သန်းဌေးနှင့် ဗိုလ်မှူးချုပ်အေးမြင့်ကြူတို့က အမျိုးသားညီလာခံ ပြန်လည်ကျင်းပရာတွင် စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံမှ အထူးလေ့လာသူကိုယ်စားလှယ်အဖွဲ့ အာဆီယံပါလီမန်များအဖွဲ့ လုပ်ငန်းကော်မတီနှင့် အထွေထွေညီလာခံတက်ရောက်ရန်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၉**

ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် (၂၇)ကြိမ်မြောက် အာဆီယံပါလီမန်များအဖွဲ့(အိုင်ပို) လုပ်ငန်းကော်မတီနှင့် အထွေထွေညီလာခံသို့တက်ရောက်ရန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်ခေါင်းဆောင်ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေး အဖွဲ့ဝင်အဖြစ်လိုက်ပါသည့် မြန်မာနိုင်ငံမှ အထူးလေ့လာသူ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်မှထွက်ခွာသွားသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် တရားရုံးချုပ်နှင့်ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## ရှေးဦးပြုစုခြင်း နည်းပြသင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၉**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ YWCA သင်တန်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာ ထွန်းစိန်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းက မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်နယ်၊ တိုင်းအသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ကြက်ခြေနီမောင်မယ်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် ဘဏ္ဍာထိန်း ဦးတင်ဌေးနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ကျန်းမာရေးနှင့် သင်တန်းရေးရာ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Kaijai တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၉ရက်မှ ၂၂ရက်အထိ ၁၄ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၀–၉–၂၀၀၆ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၆။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈း၀၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၁၅ | ၈။ | တံတားအလှပန်းလောင် |
| ၈း၂၀ | ၉။ | အကပြိုင်ပွဲ |
| ၈း၃၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | Say it in English |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၃၅ | ၄။ | Yan Can Cook |
| ၁၁း၅၅ | ၅။ | မြန်မာရုပ်ရှင် **"နေကျောက်ခဲ"** ကျော်ဟိန်း၊ ထွန်းထွန်းနိုင်၊ ဆွေဇင်ထိုက်၊ ခင်သီတာထွန်း (ဒါရိုက်တာ–သင်းသင်းယု) |
| ၁၃း၅၅ | ၆။ | ဂျူဒိုအောင်ပွဲဖြင့် နိုင်ငံ့ဂုဏ်အဆင့်မြှင့် |
| ၁၄း၁၀ | ၇။ | အဆိုပြိုင်ပွဲ |
| ၁၄း၂၀ | ၈။ | **"မမြင်ကွယ်ရာ"** မောင်မောင်မျိုးသန့်၊ မတူး၊ မောင်မောင်မြင့် [ဒါရိုက်တာ–စိုးဟိန်း မန်းတက္ကသိုလ်)] |
| ၁၄း၃၀ | ၉။ | အတီးပြိုင်ပွဲ |
| ၁၄း၄၅ | ၁၀။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) [အင်္ဂလိပ်စာ] |
| ၁၇း၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၁၇း၁၅ | ၆။ | ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [ပညာရှင်အဆင့်] (အမျိုးသမီး) |
| ၁၇း၂၅ | ၇။ | သီးနှံစိုက်ပျိုးအထွက်တိုး (ခြံစည်းရိုးကြက်ဆူပင်တစ်ဧကမျှော်မှန်းအထွက်နှုန်းရရှိစေရန် ဆောင်ရွက်ရမည့် နည်းပညာများ) |
| ၁၇း၃၅ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈း၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၁။ | သီရိဂေဟာ |
| ၁၉း၀၀ | ၁၂။ | Discovery |
| ၁၉း၁၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း–၆) |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း–၁၈) |

✻ ကျောဖုံးမှ

ကျောင်းကုန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဒေသဆိုင်ရာအာဏာပိုင်များနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ (၂)

သမိုင်းပေးတာဝန်အရ ခေတ်စနစ်ဟောင်းကို ဖျက်သိမ်း၍ ခေတ်စနစ်သစ်ကို အသွင်ကူးပြောင်း ထူထောင်လျက်ရှိသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော တပ်မတော်အစိုးရသည် ယခင်က နိုင်ငံတော်ကသာ အစစ ဦးစီးချုပ်ကိုင်ခဲ့သည့် စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် အစားထိုး ပြောင်းလဲဖော်ဆောင်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည်။ အစိုးရက ဈေးနှုန်းသတ်မှတ်၍ သီးနှံများဝယ်ယူသောစနစ်တို့ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ဖျက်သိမ်းလိုက်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချသည်နှင့်အမျှ ပုဂ္ဂလိက အခွင့်အလမ်းများ ပွင့်လန်းလာသည်။ ဈေးကွက်များ ပိုမိုပွင့်လာရာ စပါးသီးနှံအပါအဝင် လယ်ယာသီးနှံများ ဈေးနှုန်းကောင်းကောင်း ရလာသည်။

## ဆန်စပါးတိုးတက်ထွက်ရှိရေး

ဆန်စပါးကို ပြည်တွင်း၌ ဖူဖူလုံလုံ စားသုံးနိုင်ရုံသာမက ပိုလျှံနေအောင် အစီအစဉ်များချမှတ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ခဲ့ရသည်။ တပ်မတော်အစိုးရ မတိုင်မီ ၁၉၈၇ခုနှစ်တွင် စပါးစိုက်ဧက ၁၁ ဒသမ ၅သန်းခန့်သာ ရှိခဲ့သည်။ ကိုလိုနီခေတ် ၁၉၃၁ခုနှစ်၌ တိုင်းပြည်တွင် စပါးစိုက်ဧကသည် ၁၂ဒသမ ၅သန်းကျော်အထိ ဖြစ်ပေါ်ခဲ့ဖူးသည်။ လူဦးရေက တိုးတက်လာသော်လည်း စပါးစိုက်ဧကမှာမူ မတိုးသည့်အပြင် လျော့ကျလာရာ စားရေးအတွက် သောကမအေးစရာ ရင်ဆိုင်တွေ့ကြုံလာခဲ့ရသည်။

ထိုအခြေအနေ ထိုအခါ၌ နိုင်ငံတော်၏ အမာခံရိက္ခာ ဆန်စပါးကို အထွက်တိုးလာပြီး နောင်လာနောက်သားများအတွက်ပါ ရိက္ခာဖူလုံလာရေးအတွက် နိုင်ငံတော်အကြီးအကဲက ရည်မှန်းချက်များ တိတိကျကျ ချမှတ်ပေးပြီး စပါးအထွက်တိုးရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် စတင်တွန်းအားပေးခဲ့သည်ကို ပြန်လည်သတိရမိသည်။

ပထမဆုံး တစ်နှစ် စပါးတင်းသန်း၈၀၀ ထွက်ရှိရေး ရည်မှန်းချက်ကို စတင်ချမှတ်ခဲ့ရာ ၁၉၉၃-၉၄ခုနှစ်မှစ၍ စပါးတင်းသန်း၈၀၀ကျော် နှစ်စဉ်ပုံမှန် ထုတ်လုပ်လာနိုင်သည်။ ထို့နောက် ဒုတိယအဆင့်အဖြစ် စပါးတင်း သန်း၁၀၀၀ထွက်ရှိရေးကို ဆက်လက်တာဝန်ပေးခဲ့ရာ ၂၀၀၀-၂၀၀၁ခုနှစ်မှစ၍ စပါးတင်းသန်း၁၀၀၀ကျော် ထုတ်လုပ်နိုင်ပြီး စပါးအထွက်တိုးလာသည်။

တတိယအဆင့် ရည်မှန်းချက်ဖြစ်သည့် တင်းသန်း ၁၂၀၀ ထွက်ရှိရေးကို ဆက်လက် အားထုတ်ကြိုးပမ်း အကောင်အထည်ဖော်စေခဲ့ရာ ပြီးခဲ့သည့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် စပါးတင်းသန်း၁၂၀၀ကျော် တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။ ယခင်အစိုးရ ခေတ်အဆက်ဆက်၌ စပါးအများဆုံး ထုတ်လုပ်နိုင်သည့်နှစ်၌ပင် တင်းသန်း ၆၈၀ ခန့်သာ ထွက်ရှိသည့်အတွက် ယခုဆိုလျှင် တင်းသန်း၅၂၀ကျော် ပိုမိုထုတ်လုပ်နိုင်ပြီဖြစ်ရာ နောင်သားသမီး မြေးမြစ်အထိပင် စားနပ်ရိက္ခာနှင့် စပ်လျဉ်းပြီး ပူပင်သောကဖြစ်စရာ မလိုတော့အောင် အခြေခံအုတ်မြစ်ကောင်း ချမှတ်ပေးထားနိုင်ပြီ ဖြစ်သည်။ စပါးစုစုပေါင်းအထွက်စံချိန် တင်းသန်း၁၂၀၀မှာ မြန်မာ့လယ်ယာသမိုင်းတွင် အမြင့်မားဆုံးပင် ဖြစ်သည်။ ယင်းအမြင့်ဆုံး စံချိန်ကိုလည်း စံချိန်သစ်များဖြင့် ထပ်မံချိုးသွားဦးမှာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော်က စပါးတင်းသန်း၁၅၀၀ထွက်ရှိရေး ရည်မှန်းချက်သစ် ထပ်မံချမှတ် ပေးထားခြင်းကြောင့် ဖြစ်ပေသည်။

စပါးအထွက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ တစ်ဧကအထွက်နှုန်း တိုးတက်မှုထက် စိုက်ဧက တိုးချဲ့နိုင်ခြင်းက ပိုမိုအားကောင်းလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅ဒသမ ၄သန်းအထိ စံချိန်တင်စိုက်ပျိုးနိုင်ရာ မိုးစပါး၊ နွေစပါးစိုက်ဧကပေါင်းလိုက်လျှင် စပါးစိုက်ဧက ၁၇ဒသမ ၉သန်းကျော် သွားခဲ့သည်။ စပါးစိုက်ဧက အများဆုံး စိုက်ပျိုးသောနှစ်အဖြစ် မှတ်တမ်းသစ်ပြုရမည် ဖြစ်သည်။

**နိုင်ငံတော်၏ နှစ်အလိုက် စပါးစိုက်ဧကနှင့်အထွက်**

| | စပါးစိုက်ဧကပေါင်း(သန်း) | စပါးအထွက်တင်းပေါင်း(သန်း) |
|---|---|---|
| ၁၉၈၇ | ၁၁ ဒသမ ၅ | ၆၅၃ |
| ၁၉၉၁ | ၁၁ ဒသမ ၉ | ၆၃၃ |
| ၁၉၉၃ | ၁၄ ဒသမ ၀ | ၈၀၃ |
| ၁၉၉၅ | ၁၅ ဒသမ ၂ | ၈၆၀ |
| ၂၀၀၁ | ၁၅ ဒသမ ၇ | ၁၀၅၂ |

**ဦးဇော်**

## ဒေသဆန်ဖူလုံရေး

ပြည်နယ်/တိုင်းများ၏ ဒေသဆန်ဖူလုံမှုအခြေအနေကို ပြန်ကြည့်လျှင် ယခင်က ဆန်ဖူလုံမှုမရှိသည့် ကချင်၊ ကယား၊ ကရင်၊ တနင်္သာရီ၊ ရန်ကုန်နှင့် ရှမ်းတို့သည် စပါးအထွက် တိုးတက်လာသည်နှင့်အမျှ ဆန်ဖူလုံသည့် ပြည်နယ်/တိုင်းများအဖြစ် ပြောင်းလဲရပ်တည်လာနိုင်ပြီဖြစ်သည်။ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ် သုံးခုသာ ဆန်ဖူလုံရန် ကျန်သော်လည်း ယင်းတို့၏ ဒေသအလိုက် ဆန်ဖူလုံမှုရာခိုင်နှုန်းမှာလည်း အားရဖွယ်ရာ တိုးတက်လာလျက်ရှိသည်။ ထို့ကြောင့် ပြည်ထောင်စုကြီး၏ အဖွဲ့ဝင်များဖြစ်သည့် ပြည်နယ်/တိုင်း ၁၄ ခု အနက် ပြည်နယ်/တိုင်း ၁၁ခုအထိ ဒေသဆန် တိုးမြင့်ဖူလုံလာပြီး စစ်ကိုင်းတိုင်း၌လည်း အထက်မြန်မာပြည်၏ ဆန်အိုးကြီးအဖြစ် ရပ်တည်လာနိုင်အောင် ဆန်စပါးများ ပိုပိုလျှံလျှံ ထုတ်လုပ်လာနိုင်လျက်ရှိပြန်ရာ အမာခံရိက္ခာ ဆန်စပါးထုတ်လုပ်မှုအောင်ပွဲသည် နိုင်ငံတော်အတွက် ကြီးမားသော သမိုင်းဝင်အောင်ပွဲပင်ဖြစ်သည်။

## သီးနှံစိုက်စွမ်းအားမြင့်မားလာခြင်း

စပါးသီးနှံကဲ့သို့ပင် ပဲအမျိုးမျိုးစိုက်ပျိုးမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိသည်။ ၁၉၈၇ခုနှစ်၌ ပဲမျိုးစုံစိုက်ဧကမှာ ၁ဒသမ ၅သန်းသာရှိခဲ့ရာမှ ယခုအခါ ၉သန်းခန့်အထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများ၌ ပဲမျိုးစုံအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်ကိုလည်း စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၌ သမိုင်းဝင်မှတ်တိုင်တစ်ခုအဖြစ် အသိအမှတ်ပြုကြရမှာ ဖြစ်သည်။

ခြုံလိုက်လျှင် စပါးအထွက်သိသာစွာ စံချိန်တင်တိုးတက်လာခြင်း၊ ပြည်နယ်/တိုင်းများ၌ ဒေသဆန် တိုးမြင့်ဖူလုံလာခြင်း၊ ပဲမျိုးစုံ အပါအဝင် သီးနှံမျိုးစုံစိုက်နိုင်သည့် စွမ်းအားမြင့်တက်လာခြင်းတို့ကြောင့် နိုင်ငံတော်၏ အသားတင်စိုက်ပျိုးမြေ ဧရိယာရော၊ သီးနှံစိုက်ဧရိယာစုစုပေါင်းပါ တိုးတက်လာကြောင်း ၁၉၈၇ခုနှစ် အခြေအနေနှင့် ပြန်လည်နှိုင်းယှဉ်ကြည့်လျှင် ပိုမိုမြင်သာလျက်ရှိသည်။

| | ၁၉၈၇ | ၂၀၀၅ |
|---|---|---|
| အသားတင်စိုက်ပျိုးသည့် မြေဧရိယာ(ဧက/သန်း) | ၁၉ ဒသမ ၇၃ | ၂၈ ဒသမ ၂၁ |
| စုစုပေါင်းသီးနှံမျိုးစုံ စိုက်ဧရိယာ(ဧက/သန်း) | ၂၄ ဒသမ ၆၃ | ၄၃ ဒသမ ၁၇ |
| ရေသွင်းစိုက်ပျိုးသည့် ဧရိယာ(ဧက/သန်း) | ၂ ဒသမ ၄၆ | ၄ ဒသမ ၇၆ |

စိုက်ပျိုးရေးလုပ်ငန်းသည် မိမိတို့ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး တိုင်းပြည်၏အဓိက ကုန်ထုတ်လုပ်ငန်းကြီးလည်းဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အခြေခိုင်မာနေအောင် နိုင်ငံတော်သည် ဆည်တမံလုပ်ငန်း၊ မြစ်ရေတင်လုပ်ငန်း၊ မြေအောက်ရေရရှိရေးလုပ်ငန်းတို့ကို အံ့မခန်းထူထောင်ပေးခဲ့သည်။ စိုက်ပျိုးရေဆိုသည်မှာ အလှမ်းဝေးခဲ့ပြီး သောက်ရေသုံးရေကိုပင် မိုးလင်းမှမိုးချုပ် အချိန်ကုန်လူပန်း ခက်ခက်ခဲခဲ ရှာဖွေခပ်ယူနေရသည့် ရွှေထက် ရေကိုသာ တမ်းတနေရသော မိုးနည်းရေရှား အညာဒေသ၌ နိုင်ငံတော်၏ သမိုင်းဝင် လုပ်ကိုင်ဖော်ဆောင်ပေးနိုင်မှုများကြောင့် ရေမြေအခြေအနေသည် အပြောင်းလဲကြီး ပြောင်းလဲနေပြီဖြစ်သည်။ ယာမြေများသည် လယ်မြေများအဖြစ် ပြောင်းလဲလာသကဲ့သို့ ယခင်က တစ်သီးကိုပင် ခက်ခက်ခဲခဲ အောင်မြင်အောင် စိုက်နေကြရရာမှ ယခုအခါ နှစ်သီး၊ သုံးသီးအထိပင် သီးထပ်တွေ စိုက်လာနိုင်သည်။ တောင်သူလယ်သမားများ ဝင်ငွေတိုးလာကြသည်။



ဒေသဆန်ဖူလုံရေးဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီ စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း- သတင်းစဉ်)

ကျေးလက်ဒေသ၌ သောက်သုံးရေ၊ စိုက်ပျိုးရေရရှိပြီး ဝင်ငွေများတိုးပွားလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းလည်း မြင့်မားတိုးတက်လာသည်။ ကျေးလက်နေပြည်သူများ၏ ခေတ်အဆက်ဆက် နိမ့်ကျခဲ့ရသော နေမှု၊ ထိုင်မှု၊ စားမှု စသည့် လူနေမှုပုံစံသည်လည်း တိုးတက်မှုဘက်သို့ ပြောင်းလဲလာလျက်ရှိသည်။ ဤသည်မှာ နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံရကျိုးနပ်သည့် ရေရှည်ရလဒ်ကြီးပင်ဖြစ်သည်။

လယ်ယာကုန်ထုတ်မှု တိုးတက်ရေးအတွက် ဆည်တမံလုပ်ငန်း ၁၈၈ခု၊ မြစ်ရေတင်လုပ်ငန်း ၂၉၃ခုစသည့် ရေရရှိရေးလုပ်ငန်းတို့ကို ရင်းနှီးတည်ဆောက်ပေးနိုင်ခြင်းသည် သမိုင်းဝင်စံပြုရမည့် နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းများဖြစ်ကြောင်း မလွဲမသွေ မှတ်တမ်းပြုကြရမှာ ဖြစ်သကဲ့သို့၊ ယင်းရပ်ပိုင်းဆိုင်ရာ တည်ဆောက်ပေးမှုများကြောင့် ကျေးလက်နေ ပြည်သူတို့၏ လူနေမှုစီးပွားဘဝ ပြည့်စုံလုံခြုံလာလျက်ရှိသည်ဆိုသော အကျိုးဆက်မှာ ဂဏန်းသင်္ချာဖြင့် တွက်ချက် တန်ဖိုးမဖြတ်ကောင်းသည့် အနှစ်သာရပြည့်ဝလှသော ကောင်းမှုကောင်းကျိုး ဖြစ်သည်ဟု သမိုင်းဝင်မော်ကွန်း ဖော်ညွှန်းရေးထိုးကြရမှာ ဖြစ်ပေသည်။ ။



**ညောင်ဦးမြို့နယ် ငါ့သရောက် ရေလှောင်တမံ**

စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဆည်တမံများ တည်ဆောက်ပေးခဲ့ရာ မန္တလေးတိုင်း ညောင်ဦးမြို့နယ် ငါ့သရောက် ရေလှောင်တမံကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

# ဖျာပုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၈ရက်က ဘိုကလေးမြို့နယ် သကံဝ ကျေးရွာရှိ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ဒေသခံပြည်သူများက ကျေးရွာအလိုက် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် အလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြား၍ ကျေးရွာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်းတို့အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး အမှာစကားပြောကြားသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် မြို့မိ၊ မြို့ဖ တစ်ဦးက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့မ ဆွမ်းလောင်းအသင်း၊ လူမှုကရုဏာအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် စစ်မှုထမ်းဟောင်း အဖွဲ့တို့အတွက် အလှူငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းသည်။

## လိုအပ်ချက်

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင်ဝန်ကြီးသည် ဘိုကလေးမြို့နယ် မြို့မ(၈)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၊ နတ်ချောင်း အခြေခံပညာမူလတန်းကျောင်းနှင့် ဘိုကလေးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ရာ ကျောင်းအုပ်ကြီးက လိုအပ်ချက်များကို တင်ပြပြီး ဗဟို အလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြား၍ ကျောင်းပြုပြင် တည်ဆောက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည်ဘိုကလေးမြို့နယ်စာကြည့်တိုက်အသစ် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင် ဝန်ကြီးသည် ဖျာပုံမြို့နယ် ဖျာပုံတမံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ကျောင်းအုပ်ကြီးနှင့် ရပ်မိရပ်ဖများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကား ပြောကြား၍ ဆောက်လုပ်ဆဲ ကျောင်းဆောင် ပြီးစီးရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ယနေ့ နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူကလေးများက ပြည်မြန်မာသီချင်းနှင့် ရာသက်ပန်ပြည်ထောင်စုသီချင်းတို့ဖြင့် ဖွင့်လှစ်ကြပြီး သဘာပတိက အမှာစကားပြောကြားသည်။

## ဆုငွေချီးမြှင့်

ထို့နောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ၂၃ဦးတို့အား ဂုဏ်ပြုဆုငွေကျပ် ကိုးသိန်းခြောက်သောင်းကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အလှူရှင်များက ဖျာပုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေကျပ် ၁၅သိန်း၇သောင်းကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် ရွှေရတုဒည့်ရိပ်သာသို့ ရောက်ရှိ၍ ဧည့်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံပြီး မြို့နယ်ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးကာ မြို့နယ်ပညာရေး၊ ကျန်းမာရေး အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်၉နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အမှာစကား ပြောကြားသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင် ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်က အာဟာရ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

## အာဟာရဖွံ့ဖြိုးရေး

ယင်းနောက် ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ ဒေါက်တာဒေါ်ဝေမာမာထွန်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် အာဟာရဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းပြီး ပညာပေးဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါ်အေးအေးက ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွက် Iodine Test Kits များကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှု

အခမ်းအနား အပြီးတွင် တက်ရောက်လာကြသူများသည် အိုင်အိုဒင်းဆားတွင် အိုင်အိုဒင်း ပါဝင်မှု လက်တွေ့စမ်းသပ်ပြသခြင်းကို ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနား မစတင်မီ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အခမ်းအနားသို့ တက်ရောက်ကြသော ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား၊ ဖောလစ်အက်ဆစ်၊ ဖျူရာမင်းဘီစီနှင့် လက်ကမ်းစာစောင်များကို ပေးဝေကြသည်။ **(သတင်းစဉ်)**

# ဝါတွင်းကာလ တရားစခန်းဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၉**

မိုးကုတ်ဝိပဿနာ နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အောင်ချမ်းသာ ဆရာတော် အရှင်စန္ဒသူရိယသည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၁၆)ရပ်ကွက် မြို့ဦးစေတီဘုတာရုံ ဓမ္မရိပ်သာကျောင်းတိုက်တွင် ၁၃၆၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ ရက် (စက်တင်ဘာ ၁၇ရက်) တနင်္ဂနွေနေ့မှ တော်သလင်းလကွယ် (စက်တင်ဘာ ၂၁ ရက်) ကြာသပတေးနေ့အထိ ဝါတွင်းကာလ (တတိယအကြိမ်) တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာကြရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကိုးဘွဲ့ရဆရာတော် အထူးတရားပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၉**

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ သာသနာပြုဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် စက်တင်ဘာ ၁၄ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ဗိုလ်ကုန်းရပ်ရှိ ကျမ်းပြုစာရေးဆရာ သမိုင်းပညာရှင် ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်း(ရွှေဘို) တည်ထောင်ဖွင့်လှစ်သော လူငယ်ဖွံ့ဖြိုးရေးစခန်းကျောင်းတွင် အထက(၁)၊(၂)၊(၃)ရှိ ကျောင်းသား ကျောင်းသူပေါင်း တစ်ထောင်ကျော်တို့အား ယဉ်ကျေးလိမ္မာကလေးအထူးတရားပွဲ ဟောပြတော်မူမည်ဖြစ်သည်။

ဆရာတော်နှင့်ဆက်သွယ်လိုပါက စစ်ကိုင်း ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် သဒ္ဓမ္မကာရီကျောင်းဆောင် ဖုန်း-၀၇၂-၂၂၁၇၀၊ ၀၁-၇၀၈၄၀၃နှင့် ၀၉၅ ၃၃၀၈၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာနိုင်ငံ ဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး ယူနစ် (CME)မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Diagnostic Medical-Surgical Procedures(2006) သင်တန်းကို စက်တင်ဘာ၁၆ရက်မှ နိုဝင်ဘာ၁၉ရက်အထိ စနေ၊ တနင်္ဂနွေရက်တို့တွင် မွန်းတည့်၁၂နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

တက်ရောက်လိုသော ဆရာဝန်များသည် စက်တင်ဘာ ၁၁ ရက်မှ ၁၅ရက်အထိ ရုံးချိန်အတွင်း စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားနည်းနေမည်

ရန်ကုန် စက်တင်ဘာ ၉

**လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကချင်ပြည်နယ်၌ ဒေသအလိုက် မိုးကြီးခဲ့သည်။**

**ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။**

**စက်တင်ဘာ ၁၀ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်ဖြစ်ကြောင်း သိရသည်။** (မြန်မာ့အလင်း)



**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့အတွက် Iodine Test Kitsများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်စဉ်။**

(သတင်းစဉ်)



ရန်ကုန်မြို့ အရှေ့ရန်ကင်း တိုက်-၂၉၁ အခန်း-၁၀ နေ ဦးခိုင်မွန်ထွန်း- ဒေါ်ပြုံးမြင့်သူ၊ သမီးဇင်မျက်ရှု မိသားစုက ဒဂုံမြို့နယ် အမှတ်-၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို တိပိဋကဓရ ဆရာတော်ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ပျဉ်းမနားမြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၉

**ပျဉ်းမနားမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) နှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီ၄၅ မိနစ်က ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။



### ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ရေဆင်း အခြေခံပညာ အထက်တန်းကျောင်းမှ မအိပွင့်ဖြူမြင့်သိန်းနှင့် ငါးဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ဦးဘိုနီ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ပျဉ်းမနားခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေး၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်တင့်နှင့် တာဝန်ရှိသူများက ငါးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးနှင့်မြို့နယ်၏ အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံးကျောင်းများ ဖြစ်သည့်ပျဉ်းမနားမြို့ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၊ ပျဉ်းမနားမြို့ အမှတ်(၂)နှင့်အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့ကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

### အလှူငွေပေး

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လက်ခံသည်။

### လက်ခံရယူ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ငွေကျပ် ၂၀၅၀၀၀ ကို လှူဒါန်းရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ကျော်က လက်ခံရယူပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

### အမှာစကားပြောကြား

အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို နံနက် ၉ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ သဘာပတိ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုနီက အဖွင့်အမှာစကားပြောကြားသည်။

### အစီရင်ခံစာ ဖတ်ကြား

ထို့နောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) သို့ တင်သွင်းသော မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို မြို့နယ် အလုပ်အမှုဆောင်များက ကဏ္ဍအလိုက် ဖတ်ကြားတင်ပြကြသည်။

### ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အသင်းအစုအဖွဲ့များ၏ အကြံပြုချက် စာတမ်းများကို စည်းရုံးရေးမှူးများက ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဦးကိုကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

### ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)တွင် ချမှတ်သော ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ခင်က ဖတ်ကြားတင်သွင်းသည်။

### မှတ်တမ်းတင် အတည်ပြု

ယင်းနောက် သဘာပတိက ဆုံးဖြတ်ခြင်းတစ်ရပ်၊ အတည်ပြုခြင်း နှစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း တစ်ရပ်ကို အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူ၍ မှတ်တမ်းတင် အတည်ပြုကြသည်။

**(သတင်းစဉ်)**

# ပြည်နယ်/တိုင်း အသက် ၂၅နှစ်အောက် ဘော်လီဘောပြိုင်ပွဲ တံခွန်စိုက်ဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသားအသင်းအား ဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၉

**၂၀၀၆ ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသက်(၂၅)နှစ်အောက် အလွတ်တန်းဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားဘော်လီဘောအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၁၀နာရီက မြို့တော်ခန်းမ၌ကျင်းပသည်။**

### တံခွန်စိုက်ဒိုင်းပေးအပ်

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးထံသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသားဘော်လီဘောအသင်းအုပ်ချုပ်သူ ဦးမောင်မောင်လောက်နှင့် နည်းပြ ဦးခင်မောင်ငွေတို့က တံခွန်စိုက်ဒိုင်းအား ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**



### အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အကြိုတန်း ဘော်လီဘော ပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသားဘော်လီဘောအသင်းက ပထမတံခွန်စိုက်ဒိုင်းဆုရရှိခဲ့၍ ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ကြောင်း၊ ရှမ်းပြည်နယ် အနေဖြင့် မြန်မာ့လက်ရွေးစင်များ မွေးထုတ်ပေးနိုင်မှုမှာလည်း အများအပြားရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုရရှိလာအောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြသည့် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာကော်မတီ၊ ရှမ်းပြည်နယ် ဘော်လီဘော ဆပ်ကော်မတီ၊အုပ်ချုပ်သူ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာကော်မတီတို့က မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသွားသည်။

ထို့နောက် ဘော်လီဘောနည်းပြ ဦးခင်မောင်ငွေက ပြိုင်ပွဲအတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ဂုဏ်ပြုဆုပေးအပ်ပွဲကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ဆုငွေကျပ်ငါးသိန်းကို အသင်းအုပ်ချုပ်သူ ဦးမောင်မောင်လောက်အားလည်းကောင်း၊ မော်တော်ယာဉ်ကြီးများအသင်းမှ ဦးသန်းစိန်နှင့် ဦးစောဝေတို့က ဆုငွေကျပ်ငါးသိန်းကို အသင်းနည်းပြ ဦးမောင်ငွေအားလည်းကောင်း၊ စက်မှုဇုန်အသင်းကြီးများမှ ဦးစောနိုင်၊ ဦးနေဝင်းတို့က ဆုငွေကျပ်ငါးသိန်းကို အသင်းခေါင်းဆောင်အားလည်းကောင်း ချီးမြှင့်ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၉

**ကမ္မဋ္ဌာနာစရိယဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာ မဉ္ဇူမမ္မရိပ်သာ၌ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီးဦးသန်းဦးဆောင်ပြီး မြန်မာလပြည့်ကျော် ၈ ရက်တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၅၃)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို စက်တင်ဘာ၁၄ရက် နံနက်၉နာရီတွင် ဖွင့်လှစ်မည် ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၆၆၃၈၀၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း သိရသည်။** (က-ပ)

# စူးစမ်းတိုင်းတာမှုနှင့် ဘူမိပညာရပ်ဆိုင်ရာ အချက်အလက်များ သတ်မှတ်ပေးသောအချိန်ကာလအတွင်း စနစ်တကျတင်ပြ ယန္တရားကြီးများ မောင်းနှင်နိုင်ရေး လက်ဆင့်ကမ်းပညာပေး

နေပြည်တော် စက်တင်ဘာ ၉

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ထမံသီရေအားလျှပ်စစ်စီမံကိန်းတည်ရှိရာ ဟုမ္မလင်းမြို့ မြောက်ဘက်မိုင် ၃၀ ခန့်အကွာ တဇုန်းကျေးရွာသို့ရောက်ရှိပြီး ဒေသခံများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ Colenco Power Engineering., Ltd.မှ ဒီဇိုင်းပညာရပ်ဆိုင်ရာအင်ဂျင်နီယာ Mr. Karl Steiger ဘူမိနည်းပညာဆိုင်ရာ အင်ဂျင်နီယာ Mr. Frei Hans Rudolf တို့နှင့် ထမံသီ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ Feasibility Studyနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကိုဆွေးနွေးကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့က တာဝန်ရှိသူများအား ဆွေးနွေးမေးမြန်းကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လက်ယာဘက်ကမ်းရှိ ပင်မတမံ အဆိုပြုရွေးချယ်လျာထားနေရာသို့ သွားရောက်စစ်ဆေးရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ ဖြည့်စွက်ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေစိမ့်တားနံရံ တည်ဆောက်ရာတွင် အသုံးပြုမည့် Bauer Trench Cutter (BC-32) စက်ယန္တရားကြီးများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးမှာကြား

ဝန်ကြီးက စီမံကိန်း တာဝန်ရှိသူများအား စီမံကိန်း၏ ဒီဇိုင်းနည်းပညာဆိုင်ရာအချက်အလက်များ၊ စူးစမ်းတိုင်းတာလေ့လာမှုများနှင့် ဘူမိပညာရပ်ဆိုင်ရာ အချက်အလက်များကို သတ်မှတ်ပေးထားသော အချိန်ကာလအတွင်း စနစ်တကျတင်ပြရန်၊ စက်ယန္တရားကြီးများကို ကျွမ်းကျင်စွာ မောင်းနှင်နေသူများ အနေဖြင့် အခြားစက်မှုဝန်ထမ်းများအား လက်ဆင့်ကမ်းပညာပေးသွားကြရန် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

### သွားရောက်စစ်ဆေး

ဝန်ကြီးသည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါ၍ အမြန်ရေယာဉ်ဖြင့် ထမံသီရေအားလျှပ်စစ်စီမံကိန်းမှ ထမံသီကျေးရွာ မြောက်ဘက် ၄ မိုင်ခန့်အကွာ ဟွေ့ခ ကျေးရွာအနီး မူလရွေးချယ်ထားသော တမံအူလမ်းကြောင်းနေရာနှင့် ရေဝပ်ဧရိယာနေရာများသို့ သွားရောက်စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တဇုန်းကျေးရွာရှိ ထမံသီ ရေအားလျှပ်စစ်စီမံကိန်း လက်ဝဲဘက်ကမ်းရှိ ပင်မတမံ အဆိုပြုလျာထားနေရာ၊ Spillway၊ Power House၊ Navigation Lockလျာထားနေရာ တို့ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းမှ တာဝန်ရှိသူများက အဆိုပြုပင်မတမံ လမ်းအူကြောင်း တောရှင်းခြင်း၊ မြေသားတူးဖော်ခြင်းလုပ်ငန်းများအခြေအနေ၊ ရေယာဉ်သွားလမ်းအခြေအနေ၊ စက်ရုံတည်ဆောက်မည့် လျာထားရွေးချယ်ထားသည့် နေရာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထမံသီရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၀၀ စက်ခြောက်လုံး စုစုပေါင်း ၁၂၀၀ မဂ္ဂါဝပ်ဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၆၈၅ သန်းထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်သည်။ **(သတင်းစဉ်)**



**ဒေါ်ဝင်းဝင်းသန်းအား ရည်စူး၍ အမှတ် (၁၀၁/၃) ပုလဲလမ်း (၂၄) ရပ်ကွက် သုဝဏ္ဏမြို့နေ ဦးစိန်ထွန်း- ဒေါ်အေးအေးသန်း မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၊အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံး လက်ခံယူစဉ်။** (က-ပ)

# ရန်ကုန်တိုင်း ၂၀၀၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်ကျင်းပ မိမိတို့တတ်သိထားသော ရှေးဦးပြုစုခြင်းပညာရပ်ဖြင့် ပြည်သူအားကူညီ အသင်းကြီး၏ လူမှုကရုဏာလုပ်ရှားမှုကို အရှိန်အဟုန်မြှင့်ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၉

**ရန်ကုန်တိုင်း ၂၀၀၆ ခုနှစ် ကမ္ဘာ့ ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်ချီးမြှင့်သည်။**

## အရှိန်အဟုန်မြှင့်ကြိုးပမ်း

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် စက်တင်ဘာ ၉ ရက်ရောက်တိုင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပကြကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ရှေးဦးပြုစုခြင်း(First Aid)ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် ထိခိုက်ဒဏ်ရာ အနာတရဖြစ်ပွားပါက ဆေးရုံ၊ ဆေးပေးခန်းများ၌ စနစ်တကျ ဆေးဝါးကုသမှု မပြုလုပ်နိုင်သေးသည့် အရေးပေါ်အခြေအနေများတွင် ထိခိုက်ဒဏ်ရာရမှုမှ သက်သာစေရန်၊ ဒဏ်ရာ ပိုမိုဆိုးရွားခြင်း မရှိစေရန်နှင့် အသက်ကယ်ရန်အတွက် လူနာအား ရှေးဦးထိတွေ့၍ အကူအညီပေးခြင်းဖြစ်ကြောင်းနှင့် ကြက်ခြေနီအသင်းဝင်များ၊ တပ်ဖွဲ့ဝင်များအနေဖြင့် ကြက်ခြေနီ၏အခြေခံမူများနှင့်အညီ မိမိတို့တတ်သိထားသော ရှေးဦးပြုစုခြင်းပညာရပ်ဖြင့် ပြည်သူလူထုအား ကူညီကြပြီး အသင်းကြီး၏ လူမှုကရုဏာလုပ်ရှားမှုကို အရှိန်အဟုန်မြှင့် ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

## ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူးက ကြက်ခြေနီတပ်ဖွဲ့ ရာသက်ပန်အသင်းဝင်အင်အား အကောင်းဆုံးစည်းရုံးနိုင်သော မြို့နယ် ပထမဆုရရှိသည့် သာကေတမြို့နယ်၊ ဒုတိယဆုရရှိသည့် ဗဟန်းမြို့နယ်နှင့် တတိယဆုရရှိသည့် တွံတေးမြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စစ်ရေးပြပြိုင်ပွဲတွင် (မ)တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲ၊ (မ) နှစ်ယောက်တွဲ စွမ်းရည်ပြိုင်ပွဲ၊ (မ) လေးယောက်တွဲ ထမ်းစင်ပြိုင်ပွဲနှင့် (မ)စစ်ရေးပြပြိုင်ပွဲတို့၌ ပထမရရှိသည့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mme. Phoebe A.Gomez၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chanthavy Bodhisane၊ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Shaharuddin bin Mohd Som၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Datu Inderasugara Brig-Gen (B) Dato Hj Mohd Yusuf bin Abu Bakar နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Philemon Arobaya တို့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံကြရာတွင် စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနား တွံတေးအထကနှင့် ကံဘဲ့စံပြကျေးရွာ အထကတို့၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကျန်းမာရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၇ ရက်က ရန်ကုန်တိုင်း တွံတေးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က ကျောင်း ကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်းအရင်းကို ရှင်းလင်းပြောကြားပြီး 'ကိုယ်ရည်ကိုယ်သွေး အစ တစ်ကိုယ်ရေ ကျန်းမာရေးက' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက 'ကျောင်းသား ကျောင်းသူများ ကျန်းမာစွာ နေထိုင်ခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြပြီး ဆန်းစစ်ခြင်းကို ဆောင်ရွက်ကာ ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဗဟို အလုပ်အမှုဆောင် ဒေါက်တာ ဒေါ်ခင်မြဝင်းက ဆုများကို ချီးမြှင့်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းတင်က ကျေးဇူးတင်စကားပြောကြားသည်။

## ကံဘဲ့ စံပြကျေးရွာ

အလားတူ တွံတေးမြို့နယ် ကံဘဲ့ စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌လည်း ကျန်းမာရေး ပညာပေးဟောပြောပွဲ၊ ဆန်းစစ်ပွဲနှင့် ဆုပေးပွဲတို့ကိုကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွာရန်ရာနှုန်း ၆၀

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**




**တာမွေ အထက(၂) မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၉ ရက်က ကျင်းပရာ ဆရာခို၏ သမီးများ ရွှေကြာပဒုမ္မာ ဆေးတိုက်မှ လှူဒါန်းသော ဂုဏ်ပြုဆုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ဝင်းခန့် အောင်အောင်အား ချီးမြှင့်စဉ်။**
(က-ပ)

# ပရီမီယာလိဂ်ပွဲ ချယ်လ်ဆီး ပွတ်ကာသီကာ သုံးမှတ်ရ လီဗာပူးအသင်း အဲဗာတန်ကို သုံးဂိုးပြတ်ရှုံးနိမ့် အာဆင်နယ်အသင်း ပယ်နယ်တီဖြင့် တစ်မှတ်သာရခဲ့

လန်ဒန် စက်တင်ဘာ ၉

**ပရီမီယာလိဂ် အမှတ်ပေးဇယား ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကို စက်တင်ဘာ ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ အဲဗာတန်အသင်းက အိမ်ကွင်း၌ လီဗာပူးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူလိုက်သည်။**

## ဖွေဆော်ဦးဂိုး

ပွဲစသည်နှင့် နှစ်ပွဲနိုင်ထားသော အဲဗာတန်က အိမ်ကွင်းပရိသတ် အားပေးမှုနှင့်အတူ လီဗာပူးနောက်တန်းကို တရစပ်ထိုးဖောက်ကစားရာ ပွဲချိန်၂၃မိနစ်တွင် တင်ကာဟေးလ်က အဲဗာတန်အတွက် ဖွေဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။



**အာဆင်နယ်မှ အွန်နရီ၏ထိုးဖောက်မှုကို ယာကူဘူက ဤသို့ ဟန့်တားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

ယင်းဂိုးသွင်းပြီး ၁၂မိနစ်အကြာ အင်ဒရူးဂျွန်ဆင်က လီဗာပူးကစားသမား ကာရေဂါ၏အမှားကို အသုံးချပြီး အဲဗာတန်အတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့ပြန်သည်။ ကာရေဂါထံ ကာစလေဖြတ်ပို့သော ဘောလုံးမှာ ကာရေဂါနှင့် လွဲချော်သွားသဖြင့် ဂျွန်ဆင်အပိုင်ကန်သွင်းခွင့် ရရှိခဲ့သည်။ ပွဲချိန် ၅၂မိနစ်တွင် ဒတ်ကွတ်ပေးပို့သော ဘောလုံး ပီတာခရော့ချ် ကန်သွင်းခွင့် ရသော်လည်း ဂိုးမဝင်ဘဲ ဖြစ်ခဲ့ရသည်။

ပွဲချိန် ၆၃မိနစ်တွင် ရာဖေးလ် ဘင်နီတက်ဇ်က ရစ်ဆီ ဒူးခေါင်းဒဏ်ရာပြင်းထန်စွာ ရသွားသဖြင့် ရော်ဘီဖောင်လာကို လူလဲကစားခဲ့သည်။ ဖောင်လာဝင်လာပြီး ၁၀ စက္ကန့်အတွင်း ဂိုးသွင်းခွင့် ရရှိခဲ့သည်။ သို့ရာတွင် အဲဗာတန် ဂိုးသမား တင်ဟောင်းဝပ် ကာကွယ်နိုင်ခဲ့သည်။

လီဗာပူးတို့ ဘောလုံးပိုင်ဆိုင်မှုများဖြင့် ဆက်လက်ဖိကစားခဲ့သည်။ သို့ရာတွင် အဲဗာတန်က ပြန်လည်တိုက်စစ်ဆင် ကစားခဲ့ရာ ပွဲသိမ်းလေလွင့်ချိန်တွင် အဲဗာတန်အတွက် တတိယမြောက် အနိုင်ဂိုး အင်ဒရူးဂျွန်ဆင်ကပင် သွင်းယူခဲ့ပြန်သည်။

ယခုနှစ် ပရီမီယာလိဂ်တွင် အဲဗာတန်က သုံးပွဲနိုင်၊ တစ်ပွဲ သရေဖြင့် ရပ်တည်လျက်ရှိပြီး လီဗာပူးအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် တစ်ပွဲရှုံး နိမ့်ထားသည်။

## ချယ်လ်ဆီး-ချာလ်တန်

ချယ်လ်ဆီးအသင်းသည် စတန်းဖို့ဒ်ဘရစ်၌ ချာလ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ယင်းအနိုင်ပွဲသည် ချယ်လ်ဆီးတို့ စတန်းဖို့ဒ်ဘရစ်တွင် ကိုးကြိမ်မြောက် ဆက်တိုက် အနိုင်ပွဲဖြစ်သည်။

## နစ်နာခဲ့ရ

ဒရော့ဘာက အိမ်ရှင်အသင်း ချယ်လ်ဆီးအတွက် ပွဲစပြီးခြောက်မိနစ်တွင် ဖွေဆော်ဦးဂိုး သွင်းယူခဲ့သည်။ သို့ရာတွင် ချယ်လ်ဆီးကစားသမားဟောင်း ဟယ်ဆယ်ဘိမ့်က ပွဲချိန် ၃၄ မိနစ်တွင် ချာလ်တန်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၆၄ မိနစ်တွင် ရီကာဒိုကာဗယ်ဟို၏ ခေါင်းတိုက်ဂိုးကြောင့် ချယ်လ်ဆီးတို့ ပွတ်ကာသီကာနိုင်ပြီး ရမှတ် သုံးမှတ် ရယူနိုင်ခဲ့သည်။ ပွဲပြီးရန် မိနစ် အနည်းငယ် အလိုတွင် လမ်းပတ် ပယ်နယ်တီကန်သွင်းခွင့်ရသော်လည်း လွဲချော်ခဲ့သဖြင့် ချယ်လ်ဆီးတို့ နစ်နာခဲ့ရသည်။

## အာဆင်နယ်-မစ်ဒယ်ဘရော့

အာဆင်နယ် အသင်းသည် အီးမရိတ်ကွင်းသစ်ကြီး၌ မစ်ဒယ်ဘရော့အသင်းကို နောက်မှ ဂိုးလိုက်သွင်းယူပြီး သရေပွဲနှင့် ကြုံတွေ့ရပြန်သည်။

## ဦးဆောင်ဂိုး

ပွဲချိန် ၂၁ မိနစ်တွင် မစ်ဒယ်ဘရော့ ကစားသမား ဂျိမ်းစ်မောရစ်ဆင်က ဂျေဆင်အူးဝဲလ်နှင့် အပေးအယူ ကစားပြီး ဦးဆောင်ဂိုး သွင်းယူလိုက်သည်။ သို့ရာတွင် မစ်ဒယ်ဘရော့ ကစားသမား ဂျော့ချ် ဘိုတန် နှစ်ဝါ တစ်နီဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

သို့သော်လည်း ပွဲချိန် ၆၇ မိနစ်တွင် အွန်နရီ ဂိုးသွင်းယူရန်ကြိုးစားစဉ် အီမာနူရယ်က ကြမ်းတမ်းစွာ ကစား၍ ဒိုင်လူကြီးက ပယ်နယ်တီ ပေးလိုက်သည်။ ယင်းပယ်နယ်တီကို အွန်နရီကပင် သွင်းယူခဲ့သည်။

အာဆင်နယ်တို့ ယခုနှစ် ပရီမီယာလိဂ်တွင် ပထမဆုံး အနိုင်ပွဲရအောင် ကြိုးစားသော်လည်း အောင်မြင်မှုမရဘဲ သရေပွဲနှင့်သာ ကျေနပ်လိုက်ရသည်။



## ဂိုးသွင်းယူရန် ကြိုးစား

**ချယ် လ် ဆီး တိုက်စစ်မှူး ရှက်ဗ်ချင်ကို ချာလ်တန် နောက် တန်း ကို ကျော် ဖြတ် လျက် ဂိုးသွင်းယူရန် ဤသို့ ထိုးဖောက်ခဲ့သည်။**
(ဓာတ်ပုံ- အင်တာနက်)

## အခြားပွဲများ

အခြားပွဲများအဖြစ် ဖူလ်ဟမ်က နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘော်လ်တန်က ဝက်ဖို့ဒ်ကို တစ်ဂိုး-ဂိုးမရှိ၊ ပို့စ်မောက်က ဝီဂန်ကို တစ်ဂိုး-ဂိုးမရှိ၊ မန်ယူက တော့တင်ဟမ်အသင်းကို တစ်ဂိုး-ဂိုးမရှိ အသီးသီးနိုင်ပြီး ရှက်ဖီးနှင့် ဘလက်ဘန်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ။ **(အင်တာနက်)**

**သတင်းမြင်ကွင်း - မြင့်မောင်စိုး**

# ကမ္ဘာတစ်လွှား အားကစား

## ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခြင်းမှာ ငွေကြေးအတွက်မဟုတ် အောင်မြင်မှုများရလို၍သာဖြစ်ဟု အက်ရှ်လေကိုးလ်ပြောကြား

**လန်ဒန် စက်တင်ဘာ ၉**

အက်ရှ်လေကိုးလ်သည် အာဆင်နယ်အသင်းမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရခြင်းကြောင့် ဝေဖန်ခံနေရမှုကို ၎င်းက ကာကွယ်ပြောကြားခဲ့သည်။




**ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုနှင့် ကစားသမားသစ် အက်ရှ်လေကိုးလ်တို့ စာချုပ်အပြီး ဤသို့ မှတ်တမ်း ဓာတ်ပုံရိုက်ခဲ့ကြသည်။**

ကိုးလ်သည် ချယ်လ်ဆီးအသင်းနှင့် ပြောင်းရွှေ့ရေး တံခါးပိတ်သည့် နောက်ဆုံးနေ့တွင် အောင်မြင်စွာ စာချုပ်နိုင်ခဲ့သည်။

**ငွေကြေးအတွက်မဟုတ်**

မိမိသည် လောဘကြီးသူတစ်ယောက်မဟုတ်ကြောင်း၊ ချယ်လ်ဆီးသို့ရောက်လာခြင်းမှာ ငွေကြေးအတွက်မဟုတ်ကြောင်း အသက် ၂၅ နှစ်ရှိ အင်္ဂလန် ဝဲနောက်တန်းကစားသမား အက်ရှ်လေကိုးလ်က ပြောကြားသည်။

**အောင်မြင်မှုရရှိလို၍**

မိမိသည် ချယ်လ်ဆီးသို့ ပြောင်းလာရခြင်းမှာ အောင်မြင်မှုများ ရရှိလို၍ဖြစ်ကြောင်း၊ ချယ်လ်ဆီးတွင် အောင်မြင်မှု အခွင့်အလမ်းကောင်းများရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ရေးသားတင်ပြသူ**
**မြင့်မောင်စိုး**

**တရားမဝင်တွေ့ဆုံ**

အဆိုပါ နောက်တန်းကစားသမားသည် ပြီးခဲ့သည့်နှစ်က လန်ဒန်ဟိုတယ်တစ်ခု၌ ဂျိုဇ်မော်ရင်ဟိုနှင့် တရားမဝင် တွေ့ဆုံခဲ့ခြင်းအပေါ် အာဆင်နယ်နှင့် အဆင်မပြေမှုများ စတင်ဖြစ်ခဲ့သည်။

**နုတ်ထွက်**

ယမန်နှစ် ရာသီကုန်ဆုံးချိန်တွင် အာဆင်နယ် အသင်းချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ချိန် ကိုးလ်က အာစင်ဝင်းဂါးကို တွေ့ဆုံကာ အသင်းမှထွက်လိုကြောင်း ပြောကြားခဲ့သည်။

**လမ်းပွင့်သွား**

အာစင်ဝင်းဂါးက ချယ်လ်ဆီးသို့ ပြောင်းရွှေ့ပေးရန် ရည်ညွှန်းပြောကြားခဲ့သည်။ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ကိုးလ်ပြောင်းရွှေ့ရေးအတွက် နှစ်လကြာအချေအတင် ဆွေးနွေးခဲ့ကြသည်။ အဆုံး၌ စေ့စပ်ဆွေးနွေးမှုများ မအောင်မြင်ခဲ့သဖြင့် အာစင်ဝင်းဂါးက ချယ်လ်ဆီးနောက်တန်းလူ ဝီလျံဂါးလက်စ်အား ခေါ်ယူရန် ကမ်းလှမ်းလိုက်သဖြင့် အက်ရှ်လေကိုးလ် ချယ်လ်ဆီးသို့ပြောင်းရွှေ့ရေး လမ်းပွင့်သွားခဲ့သည်။

**ပေးလိုက်ရ**

အာဆင်နယ်နှင့် ချယ်လ်ဆီးတို့သည် အဆုံး၌ အက်ရှ်လေကိုးလ်နှင့် ဂါးလက်စ်တို့ကို အလဲအလှယ်လုပ်ပြီး ချယ်လ်ဆီးက ကိုးလ်အတွက် ပေါင်ငါးသန်းအလိုက်ပေးလဲခဲ့ရသည်။

**(အင်တာနက်)**

## ဖာဂူဆန်နှင့်ဂစ် ဆရာတပည့်နှစ်ဦး ဩဂုတ်လ အကောင်းဆုံးဆုဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၉**

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီမီယာလိဂ် ရာသီအစကောင်းခဲ့မှုကြောင့် ဩဂုတ်လအတွက် အကောင်းဆုံး မန်နေဂျာဆုနှင့် အကောင်းဆုံးကစားသမားဆု နှစ်ဆုစလုံးကို ဆွတ်ခူးနိုင်ခဲ့သည်။




**နည်းပြဖာဂူဆန်နှင့်ရိုင်ယန်ဂစ်တို့အား အကောင်းဆုံး ဆုများနှင့်အတူ တွေ့ရစဉ်။**

**ဆွတ်ခူးနိုင်**

ဆာအလက်ဇ်ဖာဂူဆန်သည် ဩဂုတ်လအတွက် အကောင်းဆုံး မန်နေဂျာဆုကို ဆွတ်ခူးနိုင်ခဲ့သလို ရိုင်ယန်ဂစ် (၃၂နှစ်) သည်လည်း အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

**သွင်းနိုင်ခဲ့**

ဩဂုတ်လအတွင်း မန်ချက်စတာယူနိုက်တက်အသင်းသည် ဖူလ်ဟမ်၊ ချာလ်တန်နှင့် ဝက်ဖို့ဒ်အသင်းတို့ကိုနိုင်ပြီး သုံးပွဲကစားရာတွင် ၁၀ဂိုးသွင်းနိုင်ခဲ့သည်။ ဂစ်သည် ပွဲပေါင်း ၆၀၀ကျော် ကစားခဲ့သော်လည်း ယခုဆုမတိုင်မီက လအလိုက်အကောင်းဆုံး ဘောလုံးသမားဆုကို တစ်ကြိမ်မျှ ဆွတ်ခူးခဲ့ဖူးခြင်းမရှိချေ။ **(အင်တာနက်)**

## လီဗာပူးကွင်းသစ်ကြီး တည်ဆောက်မည်



**လီဗာပူးမှ တည်ဆောက်မည့်ကွင်းသစ် ပုံစံငယ်။**

**လန်ဒန် စက်တင်ဘာ ၉**

လီဗာပူးအသင်းသည် ပရိသတ် ၆၀၀၀၀ဆံ့သော ကွင်းသစ်ကြီးတည်ဆောက်ရန် မြို့ကောင်စီထံမှ ဆောက်ခွင့်ရရှိသွားပြီဖြစ်သည်။

အဆိုပါ မြို့ကောင်စီတာဝန်ရှိလူကြီးများက အင်ဖီးလ်ကွင်းမှ ကိုက် ၃၀၀ မျှသာဝေးသည့် စတန်လေပတ်ခ်၌ ကစားကွင်းသစ်ကြီးတည်ဆောက်ရန် နှစ် ၉၉၉ မြေငှားစာချုပ်ကို စက်တင်ဘာ ၈ရက်က သဘောတူချုပ်ဆိုလိုက်သည်။

ယင်းကွင်းသစ်ကြီးကို လာမည့်နှစ်တွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် ပြီးစီးရန် ခန့်မှန်းထားသည်။ **(အင်တာနက်)**

## အင်္ဂလန် ယူ-၂၁က ဆွစ်ဇာလန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

**စုစည်းတင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

လန်ဒန် စက်တင်ဘာ ၉

**အသက် ၂၁နှစ်အောက် ဥရောပချန်ပီယံလိဂ်ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်အဖြစ် ဆွစ်ဇာလန်နှင့် အင်္ဂလန်အသင်းတို့ စက်တင်ဘာ၆ ရက်က ယှဉ်ပြိုင်ကစားရာ အင်္ဂလန်လူငယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

**ဖိဖိစီးစီးကစား**

ယခုပွဲတွင် အင်္ဂလန်တိုက်စစ်မှူးနှင့် အာဆင်နယ် တိုက်စစ်မှူးဖြစ်သူ ဝေါ့ကော့တ်က အင်္ဂလန်အတွက်အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဝေါ့ကော့တ်သည် အင်္ဂလန် ယူ-၂၁နှစ်အောက်အသင်းတွင် ပထမဆုံးဂိုးသွင်းနိုင်ခြင်းပင် ဖြစ်သည်။ အင်္ဂလန်တို့ နယူးဇီလန်ကို ဖိဖိစီးစီး ကစားနိုင်၍သာ ဂိုးများဆက်တိုက် သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။



**ဝေါ့ကော့တ်(အလယ်)၏ ထိုးဖောက် ကစားဟန်။**

**ပြောကြား**

အင်္ဂလန် ယူ-၂၁အသင်းနည်းပြ တေလာက အင်္ဂလန် ယူ-၂၁အသင်းသည် ထိုက်တန်သောအောင်ပွဲရရှိခြင်းဖြစ်ကြောင်း၊ အင်္ဂလန်အသင်းတွင် ကြိုးစားသော ပါရမီရှိသည့် လူငယ်များ ပါဝင်ကြောင်း နည်းပြ တေလာက ပြောကြားသည်။ **(အင်တာနက်)**

## ဂျာမနီအပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်ပြိုင်ပွဲ အမြင့်ခုန်ပြိုင်ပွဲများ၌ ရေပန်းစားနေသူများ

**စတုဂတ် စက်တင်ဘာ ၉**

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် မကြာမီကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရုရှားနိုင်ငံသား အင်ဒရီဆီလ်နော့ဗ်က အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိရန် ရေပန်းစားလျက်ရှိသည်။



**ဂျာမနီ တုတ်ထောက်အမြင့်ခုန်သမား တင်လိုဘင်ဂါ၏ ခုန်ဟန်။**

**အမြင့်ခုန်**

အသက် ၂၁ နှစ်အရွယ်ရှိ အင်ဒရီဆီလ်နော့ဗ်သည် ဥရောပအဆင့် ပြိုင်ပွဲများ၌ အမြင့် ၂ ဒသမ ၃၆ မီတာခုန်ထားပြီး မိုနာကိုနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့အမြင့်ခုန်ပြိုင်ပွဲ၌ ၂ ဒသမ ၃၇ မီတာ အမြင့်ခုန်ထားသည်။

**ပြောကြား**

ယခုအခါ အမြင့် ၂ ဒသမ ၄၁ မီတာ ရရှိအောင် ခုန်မည်ဟု ရုရှားနိုင်ငံသား အင်ဒရီဆီလ်နော့ဗ်က ပြောကြားသည်။

**ဗိုလ်စွဲ**

ထို့အတူ အလျားခုန်ပြိုင်ပွဲတွင် ပနားမားနိုင်ငံသား အီရာဗင်းဆာလာဒီနိုက ယခင်က ကမ္ဘာ့စံချိန် ၈ ဒသမ ၅၆ မီတာကို ခုန်ထားသူဖြစ်ရာ ယခုပြိုင်ပွဲ၌ ဗိုလ်စွဲရန် ရေပန်းစားနေသည်။

**ရွှေတံဆိပ်ရှင်**

တုတ်ထောက် အမြင့်ခုန်ပြိုင်ပွဲတွင် ဂျာမနီမှ တင်လိုဘင်ဂါနှင့် ခနသဟာယ ပြေးခုန်ပစ်ပြိုင်ပွဲ တုတ်ထောက်ခုန် ရွှေတံဆိပ်ရှင် စကီဟိုးကာတို့ အနိုင်ရမည်ဟု ထင်ကြေးပေးလျက်ရှိသည်။ **(အင်တာနက်)**

## ဟွာတိုရီကိုနိုင်ငံသား အိုကွင်ဒိုနှင့် ဟိုလီဖီး ထိုးသတ်မည်



**ဘာတက်စ်(ဝဲ)နှင့်ဟိုလီဖီး(ယာ)တို့ထိုးသတ်စဉ်။**

**ဝါရှင်တန် စက်တင်ဘာ ၉**

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း အီဗင်ဒါဟိုလီဖီးသည် ပွာတိုရီကိုနိုင်ငံသား ဖရက်စ်အိုကွင်ဒိုနှင့် တက္ကဆက်ပြည်နယ် ဆန်အင်တိုနီရိုမြို့တွင် လာမည့်နိုဝင်ဘာ ၁၀ ရက်၌ လက်ဝှေ့ထိုးသတ်ရန် စီစဉ်ထားကြောင်း ပြောကြားလိုက်သည်။

အသက် ၄၃နှစ်အရွယ်ရှိ ဟိုလီဖီးသည် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ငါးကြိမ်မြောက် ဆွတ်ခူးရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ မိမိ၏မျှော်မှန်းချက် ပြည့်ဝမည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

ယခုအခါ မိမိအနေဖြင့် လေ့ကျင့်မှုများပြုလုပ်နေကြောင်း၊ ပြိုင်ဘက်ကို ကြိုးဝိုင်းအတွင်း အနိုင်ယူသွားမည်ဖြစ်ကြောင်း ဟိုလီဖီးကပြောကြားသည်။ ဟိုလီဖီးသည် လက်ဝှေ့လောကမှ အတန်ကြာအနားယူခဲ့ပြီးမှ ပြီးခဲ့သည့်လက ဂျီရီမီဘာတက်စ်နှင့် ဒါလက်စ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြင့် လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာခဲ့သည်။ **(အင်တာနက်)**



မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက် အမျိုးသားမိုးရာသီဘောလုံးပြိုင်ပွဲကို ဩဂုတ် ၆ ရက်က မအူပင်မြို့ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ အနိုင်ရရှိသော ညောင်တုန်းမြို့နယ် ဘောလုံးအသင်းအား မအူပင်ခရိုင် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးစိန်မောင်က ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် အား/ကာ)

# မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး မိတ္ထီလာ၌ဟောပြော

မိတ္ထီလာ ဩဂုတ် ၂၂

**မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဟောပြောပွဲကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။**

ဟောပြောပွဲတွင် အမှတ်(၄) အထကတာဝန်ခံ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က ရာသက်ပန်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးသန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းဟောပြောသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမောင်မောင်အုန်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို ရှင်းလင်းဟောပြောပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ကျောင်းစာကြည့်တိုက်အတွက် မိသားစုစီမံခန့်ခွဲရေး စာအုပ် ၃၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ခံ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**



**မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်မည့် ပေါင် ကျွဲ ခြံ-ကော့ ကရင် ကျေးလက်လမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို ဩဂုတ် ၁၂ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။** (၂၆၀)

**ဘားအံမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်တို့ ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ဩဂုတ် ၁ ရက်က ဘားအံမြို့ ပဒုမ္မာလမ်းရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်း ကျောင်းရှေ့ ရေမြောင်းရေစီးရေလာကောင်းမွန်စေ ရေးအတွက် အဖွဲ့ပိုင်ဘက်ဟိုးဖြင့် ရေမြောင်းတူးဖော်စဉ်။** (မြို့နယ်စည်ပင်)



# ရေနံချောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်ရှင်းလင်း

**ရေနံချောင်း စက်တင်ဘာ ၁**

မကွေးတိုင်း ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဩဂုတ် ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အမှာစကား ပြောကြားပြီး အသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ်နှစ်သောင်းကို အသင်းအတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက ပေးအပ်လှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးလှရှိန်က လက်ခံယူသည်။

ယင်းနောက် ၂၀၀၅-၂၀၀၆ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဆုရ ကျောင်းသားကျောင်းသူ ၂၀တို့အား စတားမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံ ဦးရဲမြင့်-ဒေါ်ဝင်းမော်ထွန်းနှင့် အသင်းအတွင်းရေးမှူး ဦးအောင်နိုင်ဝင်းတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တံတားဦး ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

**တံတားဦး စက်တင်ဘာ ၅**

တံတားဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး ၂၀၀၆ အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၈နာရီက မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

**ဆုချီးမြှင့်**

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင်နှင့်မြို့နယ်ဥက္ကဋ္ဌဦးအောင်မြင့်တို့က အမှာစကားပြောကြားကြပြီး ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးငါးဘာသာ၊ လေးဘာသာဖြင့် အောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ သင်းလုံးကျွတ် အစည်းအဝေးသို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**



**မကွေးမြို့ ရန်ကင်းရပ်ကွက် အထက(၁)လမ်း ရန်ကင်း ဈေးအနီး ပေ ၃၀ အရှည် သံကူကွန်ကရစ်မြောင်းကူး တံတား တည်ဆောက် ခြင်းလုပ်ငန်းခွင် သို့ ဩဂုတ် ၂၃ရက်က မကွေးတိုင်း စည်ပင် သာယာရေးအဖွဲ့ ဒုတိယ အင် ဂျင် နီ ယာမှူးကြီးဦးကျော်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

**အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလှဦးတို့ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဩဂုတ် ၂၀ရက်က ရေမြောင်းများအတွင်း အမှိုက်များနှင့် ပေါင်းပင်များ ရှင်းလင်းကြစဉ်။** (မြို့နယ်စည်ပင်)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**တော်သလင်းလပြည့်ကျော် ၅ ရက်**
**၁၁-၉-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဠာနာဋိယသုတ်)

**နေ့လယ်ပိုင်း**

၁၀း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်-(အမျိုးသမီး)အဆိုပြိုင်ပွဲဝင်များ လေ့လာရန်**
**(ခေတ်ဟောင်း/ကာလပေါ်)**
**(၁) စိတြဂီဝါ (ဒေါ်ကြည်အောင်)**
**(၂) စိမ်းရောင်စို (လေဘာတီမြရင်)**
**(၃) ခရီးဖော် (ဂီတလုလင် ဦးကိုကိုနှင့်အဖွဲ့)**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ခြံစည်းရိုးကြက်ဆူပင် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲအကြောင်း)

၁၁း၄၀ သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံအကြောင်းသိကောင်းစရာ တချို့အကြောင်း-သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၂း၃၅ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့် အဆိုပြိုင်ပွဲဝင်များ လေ့လာရန် မဟာဂီတ)**
**(၁) လကျာ်သပြေ (ပတ်ပျိုး) (တင်တင်မြ)**
**(၂) မြိုင်ခြေစုံသာ (ပတ်ပျိုး) (ဝင်းဦး-တင်တင်မြ)**

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်းအောက်ဆင့် အင်္ဂလိပ်စာ) Alphabets and Numerals for Primary Kids

**ညနေပိုင်း**

၁၆း၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) သျှောင်ပေစူး (အကော်ဒီယံအုန်းကျော်)
(၂) တောအလှ (သူဇာတင်)
(၃) တောသူတို့ရွာ (အောင်ရင်)

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကလေးများဘဝ ဖွံ့ဖြိုးရေး မိဘများက ဆောင်ရွက်ပေး)(ဖြူဖွေး)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉း၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (အလင်္ကာကျော်စွာ ဦးဟံပဆိုင်းအဖွဲ့)

၂၀း၃၀ ဆွေးနွေးခန်း (Asia Cross Country Rally ဖိတ်ခေါ် ခရီးကြမ်း ကားမောင်းပြိုင်ပွဲ ဆုရှင်-မမြသောင်းဝေ)

၂၀း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်စစ်တို့ရဲ့ အဝေးဆုံးတစ်နေရာ (အိအိချွန်)
(၂) ကြင်နာသူနဲ့ ဝေးသောအခါ (မောင်ဝင်းမြင့်)
(၃) တစ်ပွင့်ပန် (နော်အေမီချစ်)

**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကရေစီးမြောင်းဖြစ်သော ဘူးခါးမြောင်းမကြီးအတွင်းရှိ အမှိုက်၊ နုန်းနှင့်ရွှံ့နွံများဆယ်ယူခြင်းလုပ်ငန်းကို ဩဂုတ် ၁၀ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမောင်လတ် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် စည်ပင်)



# ကံမ-ကဒူးပြင် ကျေးလက်လမ်းပြုပြင်

**ကံမ ဩဂုတ် ၂၄**

သရက်ခရိုင် ကံမမြို့နယ် ကံမ-ပြကြီးလမ်းအပိုင်းတွင် ပါဝင်သော ကံမ-ကဒူးပြင် ကျေးလက်လမ်း ပြုပြင်ထိန်းသိမ်းရေးနှင့် လမ်းအလင်း ဖွင့်ခြင်းလုပ်ငန်းများကို ဩဂုတ် ၃ ရက်က သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဗိုလ်မှူးအောင်သွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်လှိုင်တို့က လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့

# အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာရှင်းလင်း အဘိုးအဘွားများအား ငွေနှင့်ဆေးဝါးများလှူဒါန်း

**အုတ်တွင်း စက်တင်ဘာ ၅**

ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးရေးရာ အကြောင်း သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို ဩဂုတ်၃၀ရက် နေ့လယ်ပိုင်းက အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးခန်းမတွင်ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

### ရှင်းလင်းဆွေးနွေး

ထို့နောက် တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြက အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် လူမှုရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဝင်းထိန်က ကျန်းမာရေးဆိုင်ရာကိစ္စများကို လည်းကောင်း၊ အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်စိုးလှလှမိုးက လူမှောင်ခိုကူးခြင်းကိစ္စကိုလည်းကောင်း၊ အဖွဲ့ဝင် ဒေါ်မြမြသိန်းက အကြမ်းဖက်မှု ကာကွယ်ရေးကိစ္စများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်း၊ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြတို့က အမျိုးသမီးရေးရာ အဖွဲ့၏ရည်ရွယ်ချက်ခုနစ်ရပ်နှင့်အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပြီး အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က အုတ်တွင်း မြို့နယ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အရပ်ရပ်ကို တင်ပြဆွေးနွေးသည်။

### အသေးစားချေးငွေထုတ်ချေး

ထို့နောက် တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့များက သက်ကြီးရွယ်အို အဘိုးအဘွား၁၀ဦးအား စုပေါင်း ကန်တော့၍ ငွေ၊ ဆေးဝါး၊ အာဟာရများကို ထောက်ပံ့ လှူဒါန်းပြီး တိုင်းအမျိုးသမီးရေးရာ အဖွဲ့က ကျေးရွာ၊ ရပ်ကွက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များသို့ ငွေများ ထုတ်ချေးပေးသည်။ **(၃၁၆)**





ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မြို့ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက်က ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

# မိုးညိုမြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ထူးချွန်သူများဆုချီးမြှင့်

မိုးညို စက်တင်ဘာ ၅

**ပဲခူးတိုင်း(အနောက်ပိုင်း)မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ဩဂုတ်၃၀ရက် နံနက်၉နာရီက မိုးညိုမြို့ အခြေခံပညာ အထက်တန်းကျောင်း သရဖူခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနန်းဦးက အမှာစကား ပြောကြားပြီး **(ယာပုံ)** မြို့နယ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုမြို့နယ်အလုပ်အမှုဆောင်ဦးတင်ဝင်းက ဖတ်ကြားတင်သွင်းသည်။

### ဆုများချီးမြှင့်

ထို့နောက် ဆုံးဖြတ်ချက် နှစ်ရပ်၊ အတည်ပြုခြင်းနှစ်ရပ်၊ မှတ်တမ်းတင်ခြင်းနှစ်ရပ် ချမှတ်ပြီး၂၀၀၅-၂၀၀၆ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသော ငါးဘာသာ၊လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၄ဦးတို့အား ဂုဏ်ပြုလွှာနှင့်ဆုများချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ ရပ်ကွက်ကျေးရွာ ၄၂အုပ်စုမှ အသင်းစည်းရုံးရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း၂၀၀ကျော်တက်ရောက်ကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**



# ရွှေဘုန်းပွင့် ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း

**ဂန့်ဂေါ စက်တင်ဘာ ၃**

မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါ မုံလယ်တောရ ဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီးသည် စက်တင်ဘာ၁၅ရက်မှ ၂၁ရက်အထိ ပဲခူးတိုင်း ဝေါမြို့နယ်ရွှေဘုန်းပွင့်ဓမ္မရိပ်သာတွင် ကျင်းပမည့် ခုနစ်ရက် တရားစခန်းပွဲတွင် ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်၊ ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ကိုယ်တိုင် ဟောကြား ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် စက်တင်ဘာ၁၄ရက်တွင် ရွှေဘုန်းပွင့် ဓမ္မရိပ်သာစခန်းသို့ အရောက်လာကြရန်နှင့် အသေးစိတ်သိလိုပါက မုံလယ်တရားစခန်း ဖြစ်မြောက်ရေးအဖွဲ့ ရွှေဘုန်းပွင့် ဓမ္မရိပ်သာ ဝေါမြို့ ဖုန်း-၀၉-၅၁၄၉၈သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

# လားရှိုးမြို့၌ ရဲမေတ္တာဆေးခန်းဖွင့် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ရှင်းလင်း

**လားရှိုး စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ လားရှိုးမြို့ အမှတ်(၁)ရဲစခန်းဝင်းအတွင်းရှိ ရဲမေတ္တာဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၉ရက် မွန်းလွဲ၁နာရီက အဆိုပါဆေးခန်းရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ချယ်ရီ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကံလှိုင်က ရဲမေတ္တာဆေးခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ဇနီးဒေါ်သန်းသန်းလှဲ့က ရဲမေတ္တာဆေးခန်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အသင်းနာယက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးဒေါ်ချယ်ရီနှင့် အဖွဲ့ဝင်များက ဆေးခန်းအတွင်းလှည့်လည်ကြည့်ရှုကြသည်။ **(ပြည်နယ်မိခင်နှင့်ကလေး)**



# ကျောင်းကုန်းမြို့ ဝက်ချောင်းကျေးရွာအဝင်လမ်း ကျောက်ချောခင်းရန်ကျောက်များစုဆောင်း

**ကျောင်းကုန်း စက်တင်ဘာ ၄**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဝက်ချောင်းကျေးရွာ အဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်ကြီးများ စုဆောင်းထားရှိမှုကို ဩဂုတ်၂၉ရက်နံနက် ၈ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင် ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်စွာဝင်းတို့က ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ ကျောင်းကုန်း-ကျုံပျော်မြို့ ကားလမ်းမကြီးမှ ဝက်ချောင်း ကျေးရွာသို့ ဆက်သွယ်မည့် ကျောက်ချောလမ်းဖြစ်ပြီး လမ်းမှာပေ ၆၁၃၀ရှိကြောင်းသိရသည်။ **(၂၆၅)**

# အာဂုံဆောင် ကျမ်းစာအုပ်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်စန္ဒဇောတိ (ပါဠိပါဠိရဂူပိဋကတ်တစ်ပုံဆောင်) ရေးသားပြုစုသော အာဂုံဆောင် ကျမ်းစာအုပ်များကိုကျောက်ဆည်မြို့ ရဲစုရပ်ရှိ ဓမ္မရတနာ စာသင်တိုက်သို့ပေးပို့လှူဒါန်းရာ နာယက ဆရာတော်ဦးဇာဂရက လက်ခံရယူကြောင်း သိရသည်။ (က-ပ)

**စက်တင်ဘာ ၂ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အလက-၃ (အထက-ခွဲ)တွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အလှူရှင် ဦးတင်ကျော်ဦး-ဒေါ်စန်းစန်းအေးတို့က သားသမီးများဖြစ်ကြသောမောင်သက်ထူးစံ၊ မမေသူခင်နှင့်မောင်ဟိန်းဇော်တို့၏ မွေးနေ့အလှူအဖြစ် အာဟာရဒါနကျွေးမွေးစဉ်။** (ပညာရေး)





ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီး၏ ပန်းတင်ခုံ လေှကားပြုလုပ်ရန် တောင်ဥက္ကလာပမြို့နယ် ၁၃ရပ်ကွက် မေတ္တာလမ်းနေ ဦးတင်မောင်စိုး-ဒေါ်နီနီ မိသားစုက အလှူငွေကျပ် ခုနစ်သိန်း ငါးသောင်းကို ဩဂုတ် ၂၇ ရက်က ဂေါပကအဖွဲ့ဝင် ဦးဝေမင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

# ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း သင်တန်းများဖွင့်

**ဖလမ်း စက်တင်ဘာ ၁၀**

ဖလမ်းခရိုင် ဖလမ်းမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း၃/၂၀၀၆၊ အခြေခံစက်ချုပ်သင်တန်း ၉/၂၀၀၆၊ သိုးမွေးစက်ဆွဲသင်တန်း ၇/၂၀၀၆၊ ကနုကမာ ကျောက်စီပန်းချီသင်တန်း ၇/၂၀၀၆နှင့် လက်ရက်ကန်းသင်တန်း ၇/၂၀၀၆ ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ရက် နံနက်၉နာရီက အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအုန်းမောင်စည်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးနှင့် အဖွဲ့ဝင်များ၊ အိမ်တွင်းမှုကျောင်းအုပ် ဒေါ်သိင်္ဂီကျော်၊ နည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်သည်။

## ရည်ရွယ်ချက်

ရှေးဦးစွာ ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအုန်းမောင်စည်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း၊ ပညာသင်တန်းကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် အဝင်လမ်းဖြစ်သော မဂ္ဂင်လမ်းမခင်းရန် ဦးသန်းဝင်း-ဒေါ်မြသန်းမိသားစု ဓမ္မစိန္တာလမ်းကျောက်မြောင်းက အလှူတော်ငွေကျပ်တစ်သိန်းကို ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သိရိန္ဒ၏ ရှေ့မှောက်၌ ဩဂုတ်၂၃ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



ဦးကိုကို-ဒေါ်တင်တင်လှ တို့အား ရည်စူး၍ အမှတ် ၁၆၄/၁ မြင်သာ ၁၀ လမ်း တောင်ဥက္ကလာပမြို့နယ်နေ သား ဦးတင်ကိုထွေး - မသန့်သန့်ဇင်၊ သား မင်းသုခန့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်၊ မျက်စိကု လေဆာစက်နှင့် တိုးချဲ့ဆေးရုံ အဆောက်အအုံတို့အတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။ (က-ပ)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ လှူဒါန်းပစ္စည်းများ ထပ်ဆင့်ပေးအပ်ပွဲကို ဩဂုတ်၂၆ရက်က သရက်ပင်ချောင်ကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝေနှင့် အရန်မီးသတ်တပ်ရင်း တပ်ခွဲမှူး ဦးလှမြင့်တို့က ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယိုနှင့် သုတ၊ ရသစုံစာအုပ်၂၅၀တို့ကို ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှမိုးသို့ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)



## ရောင်းရန်ကြော်ငြာ
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်တိုင်းတရားရုံး**
**၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၇၁၇**

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) (၎င်း၏လက်ထောက်အထွေထွေမန်နေဂျာ) အမှတ်-၂၇၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ **နှင့်** ၁။ ဦးခင်တိုး ၂။ ဒေါ်အေးအေးမော် (အမှတ်-၇၈၇၊ ဇီဇဝါ(၄)လမ်း ၂၅-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

**ဒီကရီရရှိသူ** **တရားရှုံးများ**

ရန်ကုန်တိုင်း တရားရုံး၊တရားမကြီးမှုအမှတ် ၃၉၂၃/၀၄(၂၃-၈-၂၀၀၅) ရက်စွဲပါ ဒီကရီကို အတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချမည်ဖြစ်သည်။ လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော် လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊မြေကွက်အမှတ် (၇၈၇) မြေဧရိယာ(၀ဒသမ၀၅၆)ဧက (၄၁X၆၀)ပေ အကျယ်အဝန်းရှိနှစ် (၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂၀X၄၀) ပေသွပ်မိုး၊ အောက်ထပ်ကွန်ကရစ်ခင်း၊ အပေါ်ထပ်လျှော်ထိုးခင်းနှစ်ထပ် အာရ်စီတိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်များ။

**ကြမ်းခင်းဈေးမှာ- ကျပ်သိန်း ၁၃၀**
**(ကျပ်သိန်းတစ်ရာ့သုံးဆယ်တိတိဖြစ်ပါသည်။)**
**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်ပြီး မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်က တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းသူအရာရှိကသတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်သည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိသည်။
၆။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၇။ လေလံဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်ပြီး (၁၅)ရက်မြောက်သည့်နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။
၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။
၉။ လေလံဆွဲဝယ်ယူရရှိသူအား ရုံးတော်မှ လေလံတင်ရောင်းချသည့် ပစ္စည်းကို လက်ရောက် ပေးအပ်မည်။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းဆွေ**
**တွဲဖက်တိုင်းတရားသူကြီး(၁၀)၊ ရန်ကုန်တိုင်းတရားရုံး။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ယဉ်ကျေးမှုဝန်ကြီးဌာန**
**ရှေးဟောင်းသုတေသနဦးစီးဌာန**
**အကွက်အမှတ်(၃၅)၊ နေပြည်တော်**
**ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ**
**ဒီပလိုမာသင်တန်းအတွက်**

## သင်တန်းသားများခေါ်ယူခြင်း

၁။ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ (၂၀၀၆-၂၀၀၇)ပညာသင်နှစ်တွင် ပြည်မြို့ရှိ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၌ အောက်ဖော်ပြပါအတိုင်း ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

(က) သင်တန်းအမည် - ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း
(ခ) သင်တန်းကာလ - (၁)နှစ်
(ဂ) သင်တန်းအချိန် - နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ
(ဃ) ပညာအရည်အချင်း - ရှေးဟောင်းသုတေသနပညာရပ်နှင့် ဆက်နွယ် ဆက်စပ်သော ဘာသာရပ်မျိုးဖြင့် ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။
(င) သင်တန်းဖွင့်လှစ်သည့်နေ့ - ၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်
(စ) ပေးအပ်မည့်ဒီပလိုမာ - ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာ (Post Graduate Diploma in Applied Archaeology) (P.G.D.A.A)
(ဆ) သင်တန်းတည်နေရာ - ရှေးဟောင်းသုတေသနနည်းပညာ သင်တန်းကျောင်း(ပြည်)၊ မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၁၁-၉-၂၀၀၆ ရက်နေ့မှစ၍ ရှေးဟောင်းသုတေသန ဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန(တောင်ပိုင်း)၊ ၃၂ ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရှေးဟောင်း သုတေသနဦးစီးဌာန(မြောက်ပိုင်း)၊ ၂၇လမ်းနှင့် ၇၁လမ်းထောင့် ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၆၃၆၅၊ ၀၂-၃၉၁၅၆နှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်မြို့နှင့် ရှေးဟောင်းသုတေသနနည်းပညာ သင်တန်းကျောင်း(ပြည်)မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)တို့၌ ဝယ်ယူလျှောက်ထားကြရမည်။ လျှောက်လွှာများကို ၁၅-၁၀-၂၀၀၆ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားကြရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၃၉၊ ၀၆၇-၄၀၈၀၄၀သို့လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ဖုန်း-၅၉၀၂၃၄၊ ၅၉၀၂၅၂တို့သို့လည်းကောင်း၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်) ဖုန်း-၀၅၃-၂၄၆၈၈၊ ၂၅၂၂၈သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဝဉ ခြောက် ဝယ်သည်**
**ဆက်သွယ်ရန် ဖုန်း- ၂၄၀၀ဂဂ၊ ၃၇ဂ၉ဂ၅၊ ၅၇၇၉၂၁။**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)အတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ် ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါပိတ်သည့်နေ့ရက်/အချိန် |
| --- | --- | --- | --- |
| (က) | Poly Aluminiun Chloride | 150 MT | (၁၉-၉-၂၀၀၆) မွန်းတည့် ၁၂း၀၀နာရီ |
| (ခ) | Sodium Thiosulphate | 200MT | (၁၉-၉-၂၀၀၆) မွန်းတည့် ၁၂း၀၀နာရီ |
| (ဂ) | Sodium Sulphite | 15MT | (၁၉-၉-၂၀၀၆) မွန်းတည့် ၁၂း၀၀နာရီ |

၂။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ဖုန်းနံပါတ်-၅၄၃၃၆၅ သို့ဆက်သွယ်နိုင်ပါသည်။

**မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။**




**(၃၁-၈-၂၀၀၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဒေါ်အေးအေးမာ၏ အများသိစေရန် သတိပေးတားမြစ်ခြင်းနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းကြေညာခြင်း**

ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်ညွန့်တင် ၁၂/ပဇတ(နိုင်)၀၁၄၁၀၄ အမှတ်(၂၄)၊ ပထမထပ် (ဝဲဘက်ခန်း)၊ တာဝတိံသာလမ်း၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူနှင့် အများသိစေရန် ပြန်လည်ဖြေရှင်းအပ်ပါသည်။

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ တာဝတိံသာလမ်း၊ အမှတ်(၂၄)၊ ပထမထပ်(ဝဲဘက်ခန်း)ကို ကျွန်ုပ်အမှုသည် ဒေါ်ညွန့်တင်နှင့် အစ်မဖြစ်သူ ကွယ်လွန်သူဒေါ်ညွန့်ခင်တို့မှ ပူးတွဲဝယ်ယူပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ညွန့်ခင်သည် ၎င်းအသက်ထင်ရှားရှိနေချိန်တွင် အခန်း၏ထက်ဝက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ၂၀-၇-၂၀၀၆ ရက်စွဲပါ မိသားစုစီမံမှု ကတိစာချုပ်အရ ကြိုတင်စီမံခန့်ခွဲထားပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်ညွန့်ခင်မှာ ကွယ်လွန်ပြီးဖြစ်သည့်အတွက် ၎င်း၏ ထက်ဝက်ပိုင်ဆိုင်မှုအပေါ် ၎င်းရေးသားပြုစုခဲ့သည့် မိသားစုစီမံမှု ကတိစာချုပ်အရ ယင်းအခန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲပေးရန် အဆင်သင့်ရှိပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးနု**
**အထက်တန်းရှေ့နေ**
**အမှတ်-၂၆၃/က၊ ဗိုလ်အောင်ကျော်လမ်း၊(၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**

## အမည်မှန်

ကွမ်းခြံကုန်းမြို့ အထက(၁) နဝမတန်း (ခ)မှ ဦးဝင်းကျော်၏ သား မောင်ဟန်ဇော်ထွန်း၏ အမည်မှန်မှာ မောင်ဟန်သော်ထွန်းဖြစ်ပါကြောင်း။ **မောင်ဟန်သော်ထွန်း။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃က / ၅၄၉၃
Mitsubishi Canter Van

ယာဉ်လက်ဝယ်ရှိသူအမည် မှတ်ပုံတင်အမှတ် အဖိုးတန်စံချိန်မီနို့ထွက်ပစ္စည်းထုတ်ကုန်ကုမ္ပဏီလီမိတက်က ယာဉ်မှတ်ပုံတင်စာအုပ် ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ (ရွာသာကြီး)ရုံး ရန်ကုန်မြို့။**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယရေတပ်မတော်မှ Deputy Chief of Naval Staff နှင့်အဖွဲ့တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နှစ်နိုင်ငံ ရေတပ်အချင်းချင်း ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Deputy Chief of Naval Staff, Vice Admiral RP Suthan နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယရေတပ်မတော်မှ Deputy Chief of Naval Staff, Vice Admiral RP Suthan နှင့်အတူ Commodore SL Deshmukh နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ **Deputy Chief of Naval Staff, Vice Admiral RP Suthan** နှင့်အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

## မြန်မာ့အလင်း ဆောင်းပါးအညွှန်း



**လယ်ယာကုန်ထုတ်မှု တိုးတက်ရေးအတွက် ဆည်တမံလုပ်ငန်း ၁၈၈ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၉၃ ခု စသည့် ရေရရှိရေးလုပ်ငန်း တို့ကို ရင်းနှီး တည်ဆောက်ပေးနိုင်ခြင်းသည် သမိုင်းဝင် စံပြုရမည့် နိုင်ငံတော်တည်ဆောက်မှု လုပ်ငန်းများဖြစ်။**

ဦးဇော်၏ နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ(၂) ဆောင်းပါး (စာ-၉)

## နေပြည်တော် မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (စက်တင်ဘာ ၁၀ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ပူးပေါင်းဆောင်ရွက်လိုပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ ကျောင်းကုန်းမြို့နယ် NLD ပါတီဝင် ၃၅ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၉**

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်သိန်းသိန်းဆင့်၊ ဦးဝင်းမြင့်၊ ဒေါ်အေးမိစံ၊ ဦးမောင်မောင်၊ ဒေါ်စီစီသန်း၊ ဦးသန်းရွှေ၊ ဒေါ်အုန်းမြင့်၊ ဦးမောင်မောင်ဌေး၊ ဦးမြသောင်းနှင့်ဒေါ်မြစိန်တို့အပါအဝင် ပါတီဝင် ၃၅ဦးတို့သည် ဩဂုတ် ၁၅ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၄** ✻

# နိုင်ငံတော်အတွက်အောင်မြင်မှုများ ရယူပေးလျက်ရှိသည့် မြားပစ်အဖွဲ့ချုပ် နိုင်ငံတကာပြိုင်ပွဲနှစ်ခု၌ ဆုတံဆိပ်များဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အဆင့်အတန်းမြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းလေ့ကျင့်လျက်ရှိ



**(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း ဤသို့လေ့ကျင့် ပြင်ဆင်လျက်ရှိသည်။** (ဓာတ်ပုံ-ကိုကိုစိုးညွန့်)

**သတင်းဆောင်းပါး-စိုင်းရဲရင့်၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် အဖွဲ့ချုပ်သက်တမ်း၁၀နှစ်ကျော်ကာလအတွင်းတွင် နိုင်ငံတကာမြားပစ်ပြိုင်ပွဲအသီးသီးမှ အမိနိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် စုစုပေါင်း ၁၁၀ ဆွတ်ခူးရယူပေးနိုင်သည်အထိ အောင်မြင်မှုများရယူပေးနိုင်ခဲ့သော အဖွဲ့ချုပ်တစ်ခုဖြစ်သည်။

သက်တမ်းတိုကာလအတွင်းမှာပင် ဆုတံဆိပ်များစွာ ရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခြင်းမှာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန၏ ညွှန်ပြမှုကို ခံယူ၍ အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ယခင်ဥက္ကဋ္ဌ)၊ ဥက္ကဋ္ဌ ဦးတင့်ဆန်း (ယခင်ဒုတိယဥက္ကဋ္ဌ)၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၏ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်မှုများကြောင့်ပင် ဖြစ်သည်။ အဖွဲ့ချုပ် စတင်တည်ထောင်သည့် ၁၉၉၅ခုနှစ်မှ ၂၀၀၆ခုနှစ် ဇူလိုင်အထိ နိုင်ငံတကာမြားပစ်ပြိုင်ပွဲများကို ပါဝင်ဆင်နွှဲခဲ့ရာ ရွှေတံဆိပ် ၃၈ခု၊

**စာမျက်နှာ ၇ ကော်လံ ၁** ❒